# ပဋိညာဉ်စာတမ်း

## အရှေ့တောင်အာရှနိုင်ငံများအသင်း

## (အာဆီယံ)

**Unofficial translation of the ASEAN Charter**
**Translated by the Burma Partnership**

ဤစာတမ်းအား မြန်မာဘာသာအား Burma Partnership မှ မြန်မာအဖွဲ့အစည်းများနှင့်
အခြားစိတ်ဝင်စားသူမည်သူမဆို အသုံးပြုနိုင်ရန်အတွက် ဘာသာပြန်ဆိုပေးထားခြင်းဖြစ်ပါသည်။

# အရှေ့တောင်အာရှနိုင်ငံများအသင်း ပဋိညာဉ်စာတမ်း

## ဥယျောဇဉ်

ကျွန်ုပ်တို့ အာဆီယမ် ခေါ် အရှေ့တောင်အာရှနိုင်ငံများအသင်း အဖွဲ့ဝင်နိုင်ငံများအတွင်းရှိ ပြည်သူအပေါင်းမှသည် အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘရူနိုင်း ဒါရုဆလာမ်နိုင်ငံတော်၊ ကမ္ဘောဒီးယားဘုရင်နိုင်ငံတော်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ပြည်သူ့ဒီမိုကရေစီ ပြည်ထောင်စုသမ္မတ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ စင်္ကာပူသမ္မတနိုင်ငံ၊ ထိုင်းဘုရင်နိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ ဦးစီးခေါင်းဆောင်များက ကိုယ်စားပြုလိုက်သည်နှင့်အညီ –

အာဆီယမ်ကြေညာစာတမ်းအား ထုတ်ပြန်ခဲ့ခြင်းမှတဆင့် ဘန်ကောက်မြို့၌ စတင်တည်ထောင်ခဲ့သည့် ကာလမှစ၍ အာဆီယမ်၏ ထူးကဲလှသောအောင်မြင်ရယူမှုများနှင့် တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့မှုများကို ကျေနပ်နှစ်ထောင်းအားရမိသည်ကို ဂရုပြုမိသည်နှင့်အညီ –

ဗီယန်ချန်းလှုပ်ရှားဆောင်ရွက်မှုအစီအစဉ်၊ အာဆီယမ်ပဋိညာဉ်စာတမ်းအား အတည်ပြုရေးဆွဲရန် ရေးသားခဲ့ကြသော ကွာလာလမ်ပူကြေညာစာတမ်းနှင့် အာဆီယမ်ပဋိညာဉ်စာတမ်း၏ အသေးစိတ်အစီအစဉ်တို့၌ ပြုလုပ်ချမှတ်ခဲ့ကြသည့် ဆုံးဖြတ်ချက်များအား ပြန်လည်အမှတ်တရရှိသည်နှင့်အတူ –

ပထဝီအနေအထားအရလည်းကောင်း၊ ဘုံရည်ရွယ်ချက်များအရလည်းကောင်း၊ တူညီသောကံကြမ္မာတို့ရှိနေသော အာဆီယံအတွင်းရှိ ပြည်သူလူထုများနှင့် အဖွဲ့ဝင်နိုင်ငံများအကြားရှိ အပြန်အလှန်အကျိုးစီးပွားနှင့် တဦးနှင့်တဦး အမှီသဟဲပြုနေကြရခြင်းအား စိတ်၌သတိရှိသည်နှင့်အတူ –

ရည်ရွယ်ချက်အမြင်တခုတည်း၊ တသားတည်းရှိခြင်းနှင့် ယိုင်းပင်းကူညီလိုသော လူ့အသိုက်အမြုံတခုတည်းအောက်၌ စည်းလုံးညီညွတ်စွာနေထိုင်လိုသော စိတ်အားတက်ကြွမှုနှင့်အတူ –

အစဉ်တည်မြဲသည့် ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေး၊ ရေရှည်တည်တံ့သည့် စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု၊ တူညီမျှသောချမ်းသာကြွယ်ဝမှုနှင့် လူမှုဘဝတိုးတက်မြင့်မားမှုရှိသည့် ဤဒေသအတွင်း စည်းလုံးညီညွတ်စွာနေထိုင်လိုခြင်း၊ မိမိတို့၏ အဓိကအကျိုးစီးပွားများအား၊ အတွေးစိတ်ကူးများနှင့် ရည်မှန်းချက်များအား စည်းလုံးညီညွတ်စွာ အတူတကွ တိုးမြှင့်ဆောင်ရွက်သွားလိုခြင်းနှင့်အတူ –

ချစ်ကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှု၏ အခြေခံအရအရေးကြီးမှုနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တန်းတူညီမှု၊ နယ်နိမိတ်တည်တံ့ခိုင်မြဲမှု၊ ကြားဝင်စွက်ဖက်ခြင်းမပြုမှု၊ အများဆန္ဒမှုနှင့် ကွဲပြားခြားနားမှုများကြားက စည်းလုံးညီညွတ်မှု အစရှိသည့်အခြေခံမှုများအား လေးစားသည်နှင့်အညီ –

ဒီမိုကရေစီမူ၊ တရားဥပဒေစိုးမိုးရေး၊ ကောင်းမွန်သောအုပ်ချုပ်မှု၊ လူ့အခွင့်အရေးကာကွယ်ခြင်းနှင့် အခြေခံလွတ်လပ်မှုတရားတို့အား လေးစားခြင်းစသည့်မူများကို လိုက်နာစောင့်ထိန်း၍လည်းကောင်း –

လက်ရှိမျိုးဆက်အပြင် အနာဂတ်မျိုးဆက်များအတွက် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုကို အာမခံပေးရန်နှင့် သုခချမ်းသာ၊ အသက်မွေးနိုင်မှုနှင့် လူမှုဘဝဖူလုံရေးတို့အား အာဆီယံလူထုအသိုက်အမြုံ ထွန်းကားရေးလုပ်ငန်းစဉ်၏ အဓိကအချက်အချာများဖြစ်ကြောင်း စိတ်ပိုင်းဖြတ်ထားသည်နှင့်အညီ –

လက်တလောရင်ဆိုင်နေရသည်သာမက အနာဂတ်၌ကြုံတွေ့လာရနိုင်သည့် အခက်အခဲစိန်ခေါ်မှုများနှင့် အခွင့်အလမ်းများအား ထိရောက်စွာတုံ့ပြန်လုပ်ဆောင်ရာ၌ နိုင်ငံရေးအရ ခိုင်မာတည်တံ့သော၊ စီးပွားရေးအရ ပေါင်းစည်းမှုရှိသော၊ လူမှုရေးအရ တာဝန်ယူမှုရှိသော အာဆီယံလူမှုအသိုင်းအဝိုင်းတခုကို တည်ဆောက်နိုင်ရေးအလို့ငှာ လက်ရှိတည်ရှိပြီးရင်းနှီးမှုနှင့် ဒေသအတွင်းရှိစည်းလုံးညီညွတ်မှုကို ထပ်မံခိုင်ခံ့အောင် ဆောင်ရွက်သွားရေးကိုလည်း လက်ခံယုံကြည်သည်နှင့်အညီ –

အာဆီယံညီညွတ်မှု (၂)၊ ဘာလီကြေညာစာတမ်းအတွင်း ထည့်သွင်းဖော်ပြခဲ့သည့်အတိုင်း အာဆီယံလုံခြုံရေးအသိုက်အမြုံ၊ အာဆီယံစီးပွားရေးအသိုက်အမြုံနှင့် အာဆီယံလူမှုယဉ်ကျေးမှုအသိုက်အမြုံတို့အား ဆောက်တည်ယူခြင်းဖြင့် ဒေသအတွင်းပူးပေါင်းဆောင်ရွက်မှုနှင့် စည်းလုံးညီညွတ်မှုတို့အား ယခုထက်ထိပိုမိုအားဖြည့်ကာ တိုးမြှင့်ဆောင်ရွက်ရေးအား အခိုင်အမာချမှတ်ထားသည်နှင့်အညီ –

အာဆီယံအတွက် တရားဥပဒေကြောင်းအရ၊ ဌာနအဖွဲ့အစည်းအရ တည်ရှိနေသော မူဘောင်တရပ်အား ဤပဋိညာဉ်စာတမ်းမှနေ၍ ဆောင်ရွက်တည်ဆောက်ရန် ဤနေရာ၌ ဆုံးဖြတ်ချက်ချလိုက်သည်နှင့်အညီ –

စင်ကာပူနိုင်ငံ၌ အာဆီယံဖွဲ့စည်းတည်ထောင်ခြင်း နှစ်လေးဆယ်မြောက်ကို ကျင်းပခဲ့သည့် ဤသမိုင်းဝင်အခါသမယတွင် အာဆီယံနိုင်ငံများ၏ နိုင်ငံ့အကြီးအကဲများ (ဝါ) အဖွဲ့ဝင်နိုင်ငံများ၏ အစိုးရများမှ ဤပဋိညာဉ်စာတမ်းအား အတည်ပြုရေးသားခဲ့ကြပေသည်။

# အခန်း (၁)
# ရည်ရွယ်ချက်များနှင့် အခြေခံသဘောတရားများ

## အပိုဒ် (၁)
## ရည်ရွယ်ချက်များ

**အာဆီယံနိုင်ငံများ၏ ရည်ရွယ်ချက်များမှာ –**

၁။ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်မှုရှိရေးတို့ကို တည်တံ့ခိုင်မြဲအောင်ဆောင်ရွက်ရေးနှင့် ဒေသအတွင်း ငြိမ်းချမ်းရေးကိုအလေးထားသော တန်ဖိုးများအား ပိုမိုခိုင်မာအောင် ဆောင်ရွက်သွားရေး၊

၂။ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ကိုင်သွားခြင်းဖြင့် ဒေသတွင်းဖိစီးဒဏ်များအား ကြံ့ကြံ့ခံနိုင်မှုကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားရေး၊

၃။ အရှေ့တောင်အာရှဒေသတခုလုံးအား နျူကလီးယားလက်နက်မဲ့ဇုံအဖြစ် ထိန်းသိမ်းစောင့်ရှောက်သွားရန်အပြင် ၎င်းဒေသအား အစုလိုက်အပြုံလိုက်ဖျက်ဆီးနိုင်သော လက်နက်ကိရိယာများ လုံးဝမရှိသည့်ဒေသအဖြစ်လည်း ထိန်းသိမ်းသွားရေး၊

၄။ တရားမျှတသော၊ ဒီမိုကရေစီနည်းကျသော၊ သဟဇာတဖြစ်သော ကမ္ဘာမြေအဝှမ်းအတွင်း အာဆီယံနိုင်ငံများရှိ ပြည်သူလူထုအပေါင်းနှင့် အဖွဲ့ဝင်နိုင်ငံများအားလုံး ငြိမ်းချမ်းစွာနေထိုင်သွားနိုင်ရေးကို သေချာအောင်ဆောင်ရွက်ရေး၊

၅။ ကုန်ပစ္စည်းများ၊ လုပ်ငန်းဝန်ဆောင်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများ လွတ်လပ်စွာကူးလူးသွားလာနိုင်သည့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတို့အား ထိရောက်ချောမွေ့အောင် ဆောင်ရွက်သွားခြင်းဖြင့် တည်ငြိမ်သော၊ သာယာဝပြောသော၊ အပြိုင်အဆိုင်ရှိသော၊ စီးပွားရေးအရပေါင်းစည်းမှုရှိသော ဈေးကွက်တကွက်နှင့် ကုန်ထုတ်ပစ္စည်းအခြေခံသောဈေးကွက်ကို ဖန်တီးတည်ဆောက်သွားရေးအတွက် သည်သာမက စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များ၊ ကျွမ်းကျင်မှုစွမ်းရည်နှင့် လုပ်အားစွမ်းရည်တို့ လှုပ်ရှားဆောင်ရွက်နိုင်အောင် ပြုလုပ်သွားရေးအပြင် ငွေပင်ငွေရင်းများ သည့်ထက်ထိ လွတ်လပ်စွာစီးဆင်းနိုင်ရေး၊

၆။ အပြန်အလှန်အထောက်အကူပြုခြင်းနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်းများမှတဆင့် အာဆီယံနိုင်ငံများအတွင်း ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ တိုးတက်ဖွံ့ဖြိုးမှုဆိုင်ရာ ကွာဟမှုများ နည်းသည်ထက်နည်းအောင် ဆောင်ရွက်သွားရေး၊

၇။ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အခွင့်အရေးနှင့် တာဝန်ယူမှုအား အလေးထားခြင်းနှင့်အတူ ဒီမိုကရေစီစနစ် ခိုင်မာလာရေး၊ ကောင်းမွန်သောအုပ်ချုပ်မှုနှင့် တရားဥပဒေစိုးမိုးရေးတို့အား တိုးမြှင့်ဆောင်ရွက်ရေးတို့အပြင် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို တိုးတက်ဆောင်ရွက်သွားရေး၊ ကာကွယ်စောင့်ရှောက်သွားရေး၊

၈။ ခြိမ်းခြောက်မှုပုံစံမျိုးစုံ၊ နိုင်ငံတကာပြစ်မှုပေါင်းစုံ၊ နိုင်ငံတကာနယ်နိမိတ်များကြား ရှိနေသည့်စိန်ခေါ်မှုတို့အား ပြည့်စုံလုံလောက်သည့်လုံခြုံရေး အခြေခံမူအရ ထိရောက်စွာတုံ့ပြန်လုပ်ကိုင်နိုင်ရေး၊

၉။ ဒေသတွင်း သဘာဝပတ်ဝန်းကျင်အတွက် အကာအကွယ်ပေးရေး၊ သဘာဝသယံဇာတများ တည်တံ့ခိုင်မြဲရေး၊ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းသွားရေးနှင့် ဒေသတွင်းရှိ ပြည်သူအပေါင်း၏ ဘဝအရည်အသွေးမြင့်မားရေးတို့အား အာမခံပေးနိုင်ရေးအတွက် ရေရှည်တည်တံ့ခိုင်မြဲသော တိုးတက်ဖွံ့ဖြိုးမှုကို တိုးမြှင့်ဆောင်ရွက်သွားရေး၊

၁၀။ အာဆီယံပြည်သူလူထုအကြား စွမ်းရည်တိုးတက်မြင့်မားလာရေးနှင့် အာဆီယံလူထုအသိုက်အမြုံ ခိုင်မာတည်မြဲလာရေးအတွက် ပညာရေး၊ အစဉ်မြဲသောလေ့လာသင်ကြားမှု၊ သိပ္ပံပညာရပ်၊ နည်းပညာရပ်များ အနီးကပ်ပူးပေါင်းဆောင်ရွက်ခြင်းမှသည် လူသားအရင်းအမြစ်ရှိလာအောင် တိုးမြှင့်ဆောင်ရွက်သွားရေး၊

၁၁။ လူသားတိုးတက်ဖွံ့ဖြိုးရေး၊ အခွင့်အလမ်းများ၊ လူမှုဖူလုံရေးနှင့် တရားမျှတမှုများသို့ သာတူညီမျှဖြစ်သည့် ရယူနိုင်ခွင့်အား အာဆီယံပြည်သူလူထုအတွက် ထောက်ကူပံ့ပိုးပေးခြင်းဖြင့် အာဆီယံပြည်သူအပေါင်း၏ သုခချမ်းသာနှင့် စားဝတ်နေရေးတို့အား တိုးမြှင့်ဆောင်ရွက်သွားရေး၊

၁၂။ အာဆီယံပြည်သူအပေါင်းအတွက် စိတ်ချရသော၊ လုံခြုံမှုရှိသော၊ မူးယစ်ဆေးဝါးကင်းစင်သော လူ့အဝန်းအဝိုင်းတခုအား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ခိုင်မာအောင်ဆောင်ရွက်သွားရေး၊

၁၃။ လူထုအသိုင်းအဝိုင်းအတွင်းရှိ ထောင့်မျိုးစုံ၊ အတန်းအစားပေါင်းစုံ၏ ပူးပေါင်းပါဝင်မှုကိုအားပေးသော၊ အာဆီယံ၏ စုစည်းညီညွတ်မှုနှင့် အာဆီယံအသိုက်အမြုံတည်ဆောက်ခြင်း လုပ်နည်းစဉ်များမှဖြစ်ထွန်းလာသည့် အဖူးအပွင့်များကို ရယူခံစားနိုင်သည့် လူထုကိုသာဇောင်းပေးသည့် အာဆီယံအသိုင်းအဝိုင်းတခုအား တိုးချဲ့တည်ဆောက်သွားရေး၊

၁၄။ ဒေသတွင်းရှိ မတူကွဲပြားသည့် ယဉ်ကျေးမှု၊ အမွေအနှစ်များ ရှိနေသည်ဆိုခြင်းအား ပိုမိုသိမြင်လာရေးကို အားပေးမြှင့်တင်သွားခြင်းဖြင့် အာဆီယံ၏ တမူထူးသည့်စရိုက်လက္ခဏာများအား မြှင့်တင်ဆောင်ရွက်သွားရေး၊

၁၅။ ပွင့်လင်းသော၊ ပရိယာယ်ကင်းသော၊ အားလုံးပါဝင်မှုရှိသော ဒေသဆိုင်ရာဗိသုကာတည်ဆောက်မှုအား ပြင်ပမိတ်ဆွေသဟာယများနှင့်အတူ ပူးပေါင်းလုပ်ဆောင်ရာ၌ အာဆီယံသည် ဗဟိုအချက်အချာကျသည့်၊ တက်ကြွသည့်အဖွဲ့အစည်းအဖြစ် ထိန်းသိမ်းလုပ်ကိုင်ဆောင်ရွက်သွားရေး စသည်တို့ပင်ဖြစ်သည်။

## အပိုဒ် (၂)
## အခြေခံသဘောတရားများ

၁။ အပိုဒ် (၁) ပါ ရည်ရွယ်ချက်များအား လိုက်နာလုပ်ဆောင်ခြင်းမှနေ၍ အာဆီယံနိုင်ငံများအကြား ရေးသားချမှတ်အတည်ပြုခဲ့ကြသည့် ကြေညာစာတမ်းများ၊ သဘောတူညီချက်များ၊ သဘောတူစာချုပ်

များ၊ လက်ခံအတည်ပြုမှုများ၊ တူညီလက်ခံစာချုပ်များနှင့် အခြားအခြားသော စာတမ်းများအတွင်း ပါရှိသည့် အခြေခံမူများကို အာဆီယမ်နှင့် ယင်း၏အဖွဲ့ဝင်နိုင်ငံများက ဤနေရာမှထပ်မံ၍ အတည်ပြု လိုက်သည်သာမက လိုက်နာဆောင်ရွက်ရန်လည်း ထပ်မံအတည်ပြုလိုက်ရပေသည်။

၂။ အာဆီယမ်နှင့် ယင်း၏အဖွဲ့ဝင်နိုင်ငံများသည် အောက်ဖော်ပြပါ အခြေခံမူများအတိုင်း လိုက်နာကျင့် သုံးသင့်ပေသည်။

**ယင်းတို့မှာ –**

(က) အာဆီယမ်အဖွဲ့ဝင်နိုင်ငံများအားလုံး၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ၊ တန်းတူ ညီမျှမှု၊ နယ်နိမိတ်ပေါင်းစည်းမှုနှင့် နိုင်ငံတနိုင်ငံအဖြစ်တည်ရှိမှုကို လေးစားသမှုရှိရေး၊

(ခ) ဒေသအတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ချမ်းသာဝပြောရေးတို့ တိုးမြှင့်နိုင်ရေးအလို့ငှာ စိတ်ကတိပြုမြှုပ်နှံထားခြင်းနှင့် စုပေါင်းတာဝန်ယူမှုတို့အား ဖလှယ်ပူးပေါင်းဆောင်ရွက်ရေး၊

(ဂ) ကျူးကျော်ရန်လိုမှု၊ အင်အားသုံးပါမည်ဟုခြိမ်းခြောက်ခြင်း (ဝါ) အသုံးပြုခြင်း (ဝါ) အ ခြားအခြားသော လုပ်ဆောင်မှုများအပါအဝင် နိုင်ငံတကာဥပဒေသများနှင့် ကွဲလွဲသော မည်သည့်လုပ် ဆောင်မှုမျိုးကိုမှမပြုဘဲ စွန့်လွှတ်ရေး၊

(ဃ) အငြင်းပွားမှုများဖြစ်ပွားလာပါက ငြိမ်းချမ်းစွာကျေအေးခြင်းကို ပိုမိုအလေးထားအောင် ဆောင်ရွက်ရေး၊

(င) အခြားသော အာဆီယမ်အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းအရေးအရာများအား မစွက် ဖက်ရေး၊

(စ) အဖွဲ့ဝင်နိုင်ငံတိုင်း၏ နိုင်ငံတော်တည်မြဲမှုအား ပြင်ပမှစွက်ဖက်ခြင်းကင်း၍ အဖျက်အ မှောင့်များ ကင်းရှင်းကာ အကျပ်ကိုင်လုပ်ဆောင်ခြင်းမပြုရေးတို့အား လေးစားသမှုရှိရေး၊

(ဆ) အများဆိုင်အာဆီယမ်အကျိုးစီးပွားကို အကြီးအကျယ်ထိပါးလာသည်ဆိုပါက အ ချင်းချင်းအကြား ညှိနှိုင်းတိုင်ပင်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊

(ဇ) တရားဥပဒေစိုးမိုးရေး၊ ကောင်းမွန်သည့်အုပ်ချုပ်မှု၊ ဒီမိုကရေစီမူနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံကို အခြေခံသည့် အစိုးရတရပ်ရှိရေးစသည့်မူများကို လိုက်နာစောင့်ထိန်းရေး၊

(ဈ) အခြေခံလွတ်လပ်ခြင်းတရားများ၊ လူ့အခွင့်အရေးကို တိုးမြှင့်ဆောင်ရွက်ရေးနှင့် ကာ ကွယ်ရေး၊ လူမှုတရားမျှတရေးတို့အား လေးစားသမှုရှိရေး၊

(ည) ကမ္ဘာ့ကုလသမဂ္ဂပဋိညာဉ်စာတမ်းအား အတည်ပြုထိန်းသိမ်းသည်သာမက အာဆီယမ် အဖွဲ့ဝင်နိုင်ငံများကိုယ်၌ လက်ခံထားသည့် နိုင်ငံတကာဆိုင်ရာ လူသားချင်းစာနာသည့် ဥပဒေသအပါ အဝင် နိုင်ငံတကာဥပဒေသများအား အတည်ပြုထိန်းသိမ်းသွားရေး၊

(ဋ) အာဆီယမ်အဖွဲ့ဝင်နိုင်ငံများသည်လည်းကောင်း (ဝါ) အာဆီယမ်အဖွဲ့ဝင်မဟုတ်သည့် နိုင်ငံများသည်လည်းကောင်း (ဝါ) အခြားသောနိုင်ငံများသည်လည်းကောင်း အာဆီယမ်အဖွဲ့ဝင်နိုင်ငံ များ၏ အချုပ်အခြာအာဏာတည်မြဲမှု၊ နယ်နိမိတ်စုစည်းတည်ရှိမှု (ဝါ) နိုင်ငံရေးနှင့် စီးပွားရေးတည်မြဲ မှုတို့အား ခြိမ်းခြောက်လာနိုင်သည့် ပေါ်လစီမူဝါဒ (ဝါ) လုပ်ကိုင်ဆောင်ရွက်မှုအား လက်ကိုင်ကျင့်သုံး လာပါက ဆန္ဒမဲမပေးဘဲနေရေး၊

(ဌ) အာဆီယံနိုင်ငံတွင်းရှိ ပြည်သူအပေါင်း၏ မတူညီသောယဉ်ကျေးမှုများ၊ ဘာသာစကားများနှင့် ဘာသာတရားများကို လေးစားသမှုရှိရေးနှင့်တချိန်တည်း၌ မတူကွဲပြားသည့်ကြားမှ စည်းလုံးညီညွတ်ရေးစိတ်ဓာတ်ကို ဘုံတန်ဖိုးအဖြစ် အလေးထားဆောင်ရွက်သွားရေး၊

(ဍ) အာဆီယံသည်သာ အထူးအရေးပါသည်ဟူသော အချက်အချာကျမှုအပေါ် မူတည်လုပ်ဆောင်စဉ် ပြင်ပနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံဆက်သွယ်ရေးတို့အား ပိုမိုဆွဲဆောင်လုပ်ကိုင်ရေး၊ ပြင်ပအကျိုးကြည့်ရေး၊ ပူးပေါင်းမှုရှိရေးနှင့် ခွဲခြားဆက်ဆံမှုကင်းရေး၊

(ဎ) ဈေးကွက်ထွန်းကားရေးအား တွန်းအားပေးမှုရှိသည့် စီးပွားရေးအတွင်း သက်ရောက်မှုရှိသော စီးပွားရေးအရ ဇောက်ချအကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ဒေသအတွင်း စီးပွားရေးအရ တစုတစည်းတည်းဖြစ်လာရေးအတွက် အတားအဆီးဖြစ်နေမှုများအား လျော့ကျသွားအောင် နိုင်ငံများအကြားရှိ ကုန်သွယ်ရေးစည်းမျဉ်းစည်းကမ်းများနှင့် အာဆီယံနိုင်ငံများအကြားရှိ စည်းမျဉ်းစည်းကမ်းအခြေပြုစနစ်များအား လိုက်နာစောင့်ထိန်းရေးတို့ပင်ဖြစ်ကြသည်။

## အခန်း (၂)
## ဥပဒေဆိုင်ရာ ပင်ကိုယ်အရည်အသွေး

### အပိုဒ် (၃)
### အာဆီယံ၏ ဥပဒေဆိုင်ရာ ပင်ကိုယ်အရည်အသွေး

အာဆီယံအား အစိုးရများအကြား ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတရပ်အဖြစ် ဤနေရာမှနေ၍ ဥပဒေဆိုင်ရာ အရည်အသွေးကို အပ်နှင်းလိုက်သည်။

## အခန်း (၃)
## အဖွဲ့ဝင်ဖြစ်မြောက်ရေး

### အပိုဒ် (၄)
### အဖွဲ့ဝင်နိုင်ငံများ

အာဆီယံအသင်း၏ အဖွဲ့ဝင်နိုင်ငံများမှာ – ဘရူနိုင်း ဒါရုဆလာမ်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံတော်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံတော်၊ ပြည်သူ့ဒီမိုကရေစီ လောသမ္မတနိုင်ငံတော်၊ မလေးရှားနိုင်ငံ၊ ပြည်ထောင်

စုမြန်မာနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံတော်၊ စင်္ကာပူသမ္မတနိုင်ငံတော်၊ ထိုင်းဘုရင့်နိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတော်တို့ပင်ဖြစ်ကြသည်။

## အပိုဒ် (၅)

## အခွင့်အရေးနှင့် တာဝန်ဝတ္တရား

၁။ ဤပဋိညာဉ်စာတမ်းအောက်၌ အဖွဲ့ဝင်နိုင်ငံများအားလုံး တူညီသောအခွင့်အရေးနှင့် တာဝန်ဝတ္တရားများရှိရမည်။

၂။ ဤပဋိညာဉ်စာတမ်းပါအပိုဒ်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သင့်သည်များကို ထိရောက်စွာလုပ်ကိုင်သွားနိုင်ရန်နှင့် အဖွဲ့ဝင်ဖြစ်သည့်အလျောက် ရှိသည့်တာဝန်ဝတ္တရားများကို လိုက်နာလုပ်ဆောင်သွားရန်အတွက် သင့်လျော်ကိုက်ညီသည့် ပြည်တွင်းဥပဒေစည်းကမ်းများ ချမှတ်ဆောင်ရွက်ခြင်းအပါအဝင် အဖွဲ့ဝင်နိုင်ငံများသည် နည်းလမ်းဆောင်တာများကို လိုအပ်လျှင်လိုအပ်သလို ချမှတ်ဆောင်ရွက်သွားရမည်ဖြစ်သည်။

၃။ ပဋိညာဉ်စာတမ်းပါအချက်များအား ပြင်းထန်စွာချိုးဖောက်ခဲ့သည်ရှိပါက (ဝါ) လိုက်နာကျင့်သုံးခြင်းမရှိပါက ထိုအရေးပြဿနာအား အပိုဒ် (၂၀) တွင်ပါရှိသည့်အတိုင်း လုပ်ကိုင်ဆောင်ရွက်သွားရမည်။

## အပိုဒ် (၆)

## အဖွဲ့ဝင်သစ်လက်ခံခြင်း

၁။ အာဆီယမ်အသင်းအဖွဲ့ဝင်ဖြစ်လာရန်အတွက် လျှောက်ထားချက်နှင့် လက်ခံအတည်ပြုချက်စသည့် နည်းလမ်းများကို အာဆီယမ်ညှိနှိုင်းဆောင်ရွက်ရေးကောင်စီမှ ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်လုပ်ကိုင်သွားရမည်။

၂။ အဖွဲ့ဝင်အဖြစ်လက်ခံအတည်ပြုခြင်းကို အောက်ပါအချက်များနှင့်ကိုက်ညီမှသာ လက်ခံရမည်ဖြစ်သည် –

(က) အရှေ့တောင်အာရှဟုသတ်မှတ်ထားသော နယ်နိမိတ်အတွင်းတွင်ရှိရမည်။

(ခ) အာဆီယမ်အသင်းဝင်များဖြစ်သော အခြားအဖွဲ့ဝင်နိုင်ငံများအားလုံးက အသိအမှတ်ပြုရမည်။

(ဂ) ပဋိညာဉ်စာတမ်းပါအချက်များအတိုင်းဖြစ်ရမည့်အပြင် သဘောတူလက်ခံခြင်းရှိရမည်။

(ဃ) အဖွဲ့ဝင်နိုင်ငံများ၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်သည့်စွမ်းရည်သည်သာမက ထမ်းဆောင်လိုသည့်ဆန္ဒလည်းရှိရမည်။

၃။ အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံအတည်ပြုခြင်းကို အာဆီယမ်ညှိနှိုင်းဆောင်ရွက်ရေးအသင်း၏ အကြံပြုချက်များရှိသည်နှင့် အာဆီယမ်ထိပ်သီးညီလာခံအတွင်း တပြေးညီသဘောတူညီမှုရယူခြင်းမှ အတည်ပြုလက်ခံနိုင်သည်။

၄။ အဖွဲ့ဝင်ဖြစ်လိုကြောင်း လျှောက်ထားလာသူနိုင်ငံသည် အာဆီယမ်ပဋိညာဉ်စာတမ်းအား လက်ခံသဘောတူကြောင်း လက်မှတ်ရေးထိုးပြီးမှသာ အဖွဲ့ဝင်ဖြစ်လိုကြောင်းလျှောက်ထားနိုင်သည်။

# အခန်း (၄)
# လုပ်ကိုင်ဆောင်ရွက်မှုယန္တရား

## အပိုဒ် (၇)
## အာဆီယံထိပ်သီးညီလာခံ

၁။ အာဆီယံထိပ်သီးညီလာခံသည် အဖွဲ့ဝင်နိုင်ငံများမှ အစိုးရ၏အကြီးအကဲများဖြင့် ပါဝင်ဖွဲ့စည်းထား ရမည်။

၂။ အာဆီယံထိပ်သီးညီလာခံသည် အောက်ပါအတိုင်းဖြစ်ရမည် –

(က) အာဆီယံဆိုင်ရာ ဆုံးဖြတ်ချက်ချလုပ်ကိုင်သည့်အဖွဲ့၏ ထိပ်သီးအမြင့်ဆုံးအဖွဲ့ဖြစ်သည်။
(ခ) အာဆီယံ၏ရည်မှန်းချက်များ ပြည့်ဝလာရေးနှင့်သက်ဆိုင်သည့်၊ အဖွဲ့ဝင်နိုင်ငံများ၏ အကျိုးစီးပွားဆိုင်ရာ အရေးကြီးသောကိစ္စများဖြစ်သည့်၊ အာဆီယံညှိနှိုင်းဆောင်ရွက်ရေးကောင်စီ၊ အာဆီယံအသိုက်အမြုံကောင်စီနှင့် အာဆီယံဝန်ကြီးများဆိုင်ရာဌာနအဖွဲ့တို့မှ ရည်ညွှန်းထုတ်ဖော်တင်ပြလာသည့် အဓိကအရေးကိစ္စများနှင့်ပတ်သက်၍ ပေါ်လစီမူဝါဒဆိုင်ရာလမ်းညွှန်မှုအား ချင့်ချင့်ချိန်ချိန်နှင့် ထောက်ကူဆောင်ရွက်ပေးသွားရမည့်အပြင် ဆုံးဖြတ်ချက်ချလုပ်ကိုင်ရမည်။
(ဂ) ဝန်ကြီးများဆိုင်ရာအစည်းအဝေးများအား သီးခြားဖွဲ့စည်းခေါ်ယူနိုင်ရန် ကောင်စီတခုချင်းစီမှ သက်ဆိုင်ရာဝန်ကြီးများအား အမိန့်ပေးညွှန်ကြားရမည်ဖြစ်ပြီး အသိုက်အမြုံကောင်စီများဆုံရာဖြစ်သည့် အာဆီယံနှင့်သက်ဆိုင်သည့် အရေးတကြီးကိစ္စများအား ကိုင်တွယ်ဆောင်ရွက်ရမည်။ အဆိုပါအစည်းအဝေးများ၏ စည်းမျဉ်းစည်းကမ်းများကို အာဆီယံညှိနှိုင်းဆောင်ရွက်ရေးကောင်စီမှ အတည်ပြုချမှတ်သည့်အတိုင်း ဆောင်ရွက်ရမည်။
(ဃ) အာဆီယံအပေါ်သက်ရောက်လာသည့် အရေးပေါ်အခြေအနေများအား သင့်လျော်လျောက်ပတ်သည့် လုပ်ငန်းဆောင်တာများ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့်ဖြေရှင်းရမည်။
(င) အခန်း (၇) နှင့် အခန်း (၈) တွင်ပါရှိသည့်အတိုင်း အရေးကိစ္စများအား ဆုံးဖြတ်ဆောင်ရွက်ရမည်။
(စ) ဝန်ကြီးများဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် အခြားအာဆီယံတွင်းရှိဌာနများအား လိုအပ်သလို ဖွဲ့စည်းတည်ဆောက်ခြင်းနှင့် ဖျက်သိမ်းခြင်းအား တရားဝင်ခွင့်ပြုပေးရမည်။
(ဆ) ယုံကြည်သက်ဝင်မှုအပြည့်နှင့် အဖွဲ့ဝင်နိုင်ငံ၏အကြီးအကဲ (ဝါ) အစိုးရမှ လိုလိုလားလားရှိသူ ဝန်ကြီးအဆင့်ရှိသူပုဂ္ဂိုလ်တဦးအား အာဆီယံ၏ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၏ အကြံပြုချက်ဖြင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်အဖြစ်ခန့်အပ်ရမည်။

၃။ အာဆီယံထိပ်သီးညီလာခံအစည်းအဝေးမှာ အောက်ပါအတိုင်းဖြစ်ရသည် –

(က) တနှစ်လျှင်နှစ်ကြိမ်ကျင်းပရမည်ဖြစ်ပြီး အာဆီယံအသင်း၏ သဘာပတိနေရာရထားသူ အဖွဲ့ဝင်နိုင်ငံမှ ဧည့်ခံကျင်းပရမည်။

(ခ) အာဆီယံသဘာပတိနေရာ ရထားသည့်အဖွဲ့ဝင်နိုင်ငံမှ လိုအပ်လျှင်လိုအပ်သလို အထူးအစည်းအဝေး (ဝါ) သီးခြားအစည်းအဝေးများကို ကျင်းပပြုလုပ်ပေးရမည်ဖြစ်ပြီး အစည်းအဝေးကျင်းပပြုလုပ်မည့်နေရာအား အဖွဲ့ဝင်နိုင်ငံများက သဘောတူခြင်းဖြင့်ဆောင်ရွက်ရမည်၊

## အပိုဒ် (၈)

## အာဆီယံညှိနှိုင်းဆောင်ရွက်ရေးကောင်စီ

၁။ အာဆီယံညှိနှိုင်းဆောင်ရွက်ရေးကောင်စီသည် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် ဖွဲ့စည်းထားရမည်ဖြစ်ပြီး တနှစ်လျှင် အနည်းဆုံးနှစ်ကြိမ် တွေ့ဆုံအစည်းအဝေးကျင်းပရမည်။

၂။ အာဆီယံညှိနှိုင်းဆောင်ရွက်ရေးကောင်စီမှ အောက်ဖော်ပြပါများ ဆောင်ရွက်ရမည် –

(က) အာဆီယံထိပ်သီးညီလာခံ၏ အစည်းအဝေးကျင်းပရန် ကြိုတင်ပြင်ဆင်ချက်များပြုလုပ်ရမည်။
(ခ) အာဆီယံထိပ်သီးညီလာခံမှ ချမှတ်သဘောတူလိုက်သော သဘောတူညီချက်များနှင့် ဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ညှိနှိုင်းတာဝန်ယူဆောင်ရွက်ရမည်။
(ဂ) အာဆီယံအသိုက်အမြုံကောင်စီများနှင့်အတူ ပေါ်လစီမူဝါဒဆိုင်ရာရှေ့နောက်ညီမှုရှိရေး၊ အကျိုးများခရီးပေါက်စေရေးနှင့် ကောင်စီများအကြား အတူတကွပူးပေါင်းဆောင်ရွက်မှုရှိရေး ဆောင်ရွက်ရမည်။
(ဃ) အာဆီယံအသိုက်အမြုံကောင်စီများ၏ အာဆီယံထိပ်သီးညီလာခံသို့ အစီရင်ခံတင်ပြလာချက်များကို ညှိနှိုင်းဆောင်ရွက်ပေးရမည်။
(င) အာဆီယံလုပ်ငန်းဆောင်တာအပေါ် အထွေထွေအတွင်းရေးမှူးချုပ်မှ ရေးသားတင်ပြသည့် အစီရင်ခံစာအား သုံးသပ်ဆင်ခြင်ပေးရမည်။
(စ) အာဆီယံအတွင်းရေးမှူးအဖွဲ့နှင့် အခြားသက်ဆိုင်ရာအဖွဲ့များ၏ လုပ်ငန်းဆောင်တာများနှင့် လည်ပတ်လုပ်ကိုင်မှုများအပေါ် အထွေထွေအတွင်းရေးမှူးချုပ်မှ ရေးသားတင်ပြသည့်အစီရင်ခံစာအား သုံးသပ်ဆင်ခြင်ပေးရမည်။
(ဆ) အထွေထွေအတွင်းရေးမှူးချုပ်၏ အကြံပြုချက်အပေါ်မူတည်၍ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်များ ခန့်အပ်ခြင်းနှင့် ယင်းတို့သက်တမ်းပြီးဆုံးခြင်းများကို လက်ခံအတည်ပြုပေးရမည်။
(ဇ) အာဆီယံပဋိဉာဉ်အတွင်း ပြဋ္ဌာန်းထားသည့်အတိုင်း တာဝန်များအား ထမ်းဆောင်သွားရမည်၊
(ဈ) အာဆီယံထိပ်သီးညီလာခံမှ ခန့်အပ်ခိုင်းစေသည့်အတိုင်း အခြားအခြားသော လုပ်ကိုင်ဆောင်ရွက်ချက်များအရ တာဝန်ထမ်းဆောင်ရမည်။

၃။ အာဆီယံညှိနှိုင်းဆောင်ရွက်ရေးကောင်စီအား သက်ဆိုင်ရာအဆင့်မြင့်အရာရှိများမှ ထောက်ပံ့လုပ်ဆောင်ပေးရမည်။

## အပိုဒ် (၉)

## အာဆီယံအသိုက်အမြုံကောင်စီများ

၁။ အာဆီယံအသိုက်အမြုံကောင်စီများအနေဖြင့် အာဆီယံနိုင်ငံရေး–ပေါ်လစီမူဝါဒအသိုက်အမြုံကောင်စီ၊ အာဆီယံစီးပွားရေးအသိုက်အမြုံကောင်စီနှင့် အာဆီယံလူမှုရေး–ယဉ်ကျေးမှုအသိုက်အမြုံကောင်စီများနှင့် ပါဝင်ဖွဲ့စည်းထားရမည်။

၂။ အာဆီယံအသိုက်အမြုံကောင်စီတခုချင်းစီသည် ယင်းတို့နှင့်သက်ဆိုင်ရာသက်ဆိုင်ကြောင်းဖြစ်သည့် အာဆီယံဝန်ကြီးများဆိုင်ရာဌာနအဖွဲ့များ၏ အာဏာစက်အောက်တွင်ရှိရမည်။
၃။ အာဆီယံအသိုက်အမြုံကောင်စီတခုချင်းဆီသို့ အဖွဲ့ဝင်နိုင်ငံများမှနေ၍ ယင်းတို့၏ နိုင်ငံကိုယ်စားလှယ်များကို ခန့်အပ်ထားရမည်ဖြစ်သည်။
၄။ အာဆီယံအသိုက်အမြုံတခုချင်းစီရှိ အဓိကအချက်အချာကျောရိုးသုံးခု၏ ရည်မှန်းချက်များအား အကောင်အထည်ဖော်နိုင်ရေးအလို့ငှာ အာဆီယံအသိုက်အမြုံကောင်စီတခုချင်းမှနေ၍ အောက်ပါလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရမည် –

(က) အာဆီယံထိပ်သီးညီလာခံမှ ချမှတ်လိုက်သည့် သက်ဆိုင်ရာဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်ဆောင်နိုင်ရေး အာမခံလုပ်ကိုင်ရမည်။
(ခ) မတူကွဲပြားစွာတည်ရှိနေသော ကဏ္ဍများ၏လုပ်ငန်းဆောင်တာအား ယင်းတို့၏အာဏာစက်လုပ်ပိုင်ခွင့်အောက်၌ ညှိနှိုင်းဆောင်ရွက်ပေးပြီး အခြားသောအသိုက်အမြုံကောင်စီများနှင့် ဆုံရာဆုံရာအရေးကိစ္စများကိုပါ ညှိနှိုင်းဆောင်ရွက်ရမည်။
(ဂ) အာဆီယံထိပ်သီးညီလာခံကြီးသို့ ယင်း၏အာဏာစက်လုပ်ပိုင်ခွင့်ရှိသည့် အရေးကိစ္စများအပေါ် ရေးသားတင်ပြသည့်အစီရင်ခံစာများ တင်ပို့ရမည်။
၅။ အာဆီယံအသိုက်အမြုံကောင်စီတခုချင်းစီသည် တနှစ်လျှင် အနည်းဆုံးနှစ်ကြိမ်တွေ့ဆုံရမည်ဖြစ်ပြီး အာဆီယံသဘာပတိနေရာကို လတ်တလောရရှိထားသော အဖွဲ့ဝင်နိုင်ငံမှ သင့်လျော်လျောက်ပတ်သည့် သက်ဆိုင်ရာဝန်ကြီးတဦးမှ သဘာပတိအဖြစ် ကျင်းပဆောင်ရွက်ပေးရမည်။
၆။ အာဆီယံအသိုက်အမြုံကောင်စီတခုချင်းစီအား သက်ဆိုင်ရာအဆင့်မြင့်အရာရှိများက ဝိုင်းဝန်းပံ့ပိုးလုပ်ကိုင်ဆောင်ရွက်ပေးရမည်။

# အပိုဒ် (၁၀)
## အာဆီယံဝန်ကြီးများဆိုင်ရာဌာနအဖွဲ့များ

၁။ အာဆီယံဝန်ကြီးများဆိုင်ရာဌာနအဖွဲ့များသည် အောက်ပါအတိုင်းဆောင်ရွက်ရမည် –

(က) ယင်းတို့နှင့်သက်ဆိုင်ရာအတိုင်း ချမှတ်ထားသောလုပ်ပိုင်ခွင့်များအတွင်း လုပ်ငန်းဆောင်တာများလုပ်ကိုင်ရမည်။
(ခ) အာဆီယံထိပ်သီးညီလာခံ၏ သဘောတူညီချက်များနှင့် ဆုံးဖြတ်ချက်များအား ယင်းတို့၏အာဏာစက်လုပ်ပိုင်ခွင့်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်။
(ဂ) အာဆီယံစုစည်းညီညွတ်ရေးနှင့် အသိုက်အမြုံတည်ဆောက်ရေးအား အထောက်အကူဖြစ်စေမည့် သက်ဆိုင်ရာနေရာဌာနများအတွင်း ပူးပေါင်းဆောင်ရွက်မှုများအား ပိုမိုခိုင်မာအောင် လုပ်ဆောင်သွားရမည်။
(ဃ) သက်ဆိုင်ရာအသိုက်အမြုံကောင်စီများသို့ အစီရင်ခံစာများနှင့် အကြံပြုချက်များကို ရေးသားတင်သွင်းရမည်။

၂။ အာဆီယံဝန်ကြီးများဆိုင်ရာဌာနအဖွဲ့များ၌ ယင်းတို့၏အာဏာစက်လုပ်ပိုင်ခွင့်အတွင်း သက်ဆိုင်ရာအဆင့်မြင့်အရာရှိများနှင့် လက်အောက်ခံဌာနခွဲများကို နောက်ဆက်တွဲ (၁) အတွင်းပါရှိသည့်အတိုင်း ယင်းတို့၏လုပ်ငန်းဆောင်တာများ ဆောင်ရွက်သွားနိုင်ရေးအတွက် ဖွဲ့စည်းထားရှိနိုင်သည်။ အဆိုပါနောက်ဆက်တွဲ (၁) အား အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်မှနေ၍ ဤပဋိညာဉ်စာတမ်းတွင်းပါရှိသည့်အတိုင်း ပြုပြင်ရေးဆွဲချက်အပိုဒ်ကို အားထားကောက်နှုတ်ခြင်းမပြုဘဲ အမြဲတမ်းကိုယ်စားလှယ်များ၏ အကြံပြုချက်များနှင့်သာ ပြင်ဆင်ဖြည့်စွက်ရေးဆွဲနိုင်သည်။

# အပိုဒ် (၁၁)

## အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးအဖွဲ့

၁။ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်အား အာဆီယံထိပ်သီးညီလာခံမှနေ၍ ရွေးချယ်ခန့်အပ်ရမည်ဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများအကြား အက္ခရာစကားလုံးအစများအတိုင်းအလှည့်ကျနှင့် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသားတဦးအား ရွေးချယ်ခန့်အပ်ရမည်ဖြစ်သည်။ ထိုသို့ရွေးချယ်ခန့်အပ်ရာ၌ အဆိုပါရွေးချယ်ခန့်အပ်ခံရမည့်သူမှာ သိက္ခာသမာဓိ၊ စွမ်းဆောင်နိုင်ရည်၊ လုပ်ငန်းအတွေ့အကြုံတို့ရှိရမည်ဖြစ်သလို လိင်ပိုင်းဆိုင်ရာအရ တန်းတူညီမျှမှုရှိရန်လည်း ထည့်သွင်းစဉ်းစားရမည်။ ယင်း၏အလုပ်သက်တမ်းမှာ ထပ်မံတိုး၍မရသော ငါးနှစ်တာသက်တမ်းသာဖြစ်ရမည်။

၂။ အထွေထွေအတွင်းရေးမှူးချုပ်၏ လုပ်ငန်းဆောင်တာများမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) ဤပဋိညာဉ်စာတမ်းအတွင်း ပါရှိသည့်အပိုဒ်များအတိုင်း၊ သက်ဆိုင်ရာအာဆီယံစာချုပ်စာတမ်းများ၊ လုပ်ထုံးလုပ်နည်းနှင့် ကျင့်ဝတ်များနှင့် ချမှတ်ထားပြီးဖြစ်သော လေ့ကျင့်ဆောင်ရွက်မှုများအတိုင်း ယင်း၏တာဝန်များနှင့် တာဝန်ရှိမှုများကို ယင်းစွမ်းဆောင်နိုင်အားရှိသမျှ ထမ်းဆောင်ရမည်ဖြစ်သည်။

(ခ) အာဆီယံ၏သဘောတူညီထားချက်များနှင့် ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရာ၌ တိုးတက်မှုရှိစေရန် လွယ်ကူချောမွေ့အောင်လုပ်ပေးခြင်းနှင့် စောင့်ကြည့်စစ်ဆေးပေးရန်ဖြစ်ပြီး အာဆီယံ၏လုပ်ငန်းဆောင်တာများကို အာဆီယံထိပ်သီးညီလာခံသို့ နှစ်စဉ်အစီရင်ခံစာ ရေးသားတင်ပို့ပေးရမည်။

(ဂ) အာဆီယံထိပ်သီးညီလာခံ၊ အာဆီယံအသိုက်အမြုံကောင်စီများ၊ အာဆီယံညှိနှိုင်းဆောင်ရွက်ရေးကောင်စီ၊ အာဆီယံဝန်ကြီးများဆိုင်ရာဌာနအဖွဲ့များနှင့် အခြားသက်ဆိုင်ရာ အာဆီယံအစည်းအဝေးများအတွင်း  ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရမည်။

(ဃ) အာဆီယံ၏အမြင်အား တင်ပြပေးရမည်ဖြစ်ပြီး ချမှတ်အတည်ပြုပေးထားသည့် ပေါ်လစီမူဝါဒများအတိုင်း၊ အထွေထွေအတွင်းရေးမှူးချုပ်အား နှင်းအပ်ထားသောလုပ်ပိုင်ခွင့်အား ပြင်ပအဖွဲ့အစည်းများ၏ အစည်းအဝေးများ၌ တက်ရောက်တင်ပြရမည်။

(င) ဒုတိယ–အထွေထွေအတွင်းရေးမှူးချုပ်များ ခန့်ထားနိုင်ရေးသော်လည်းကောင်း၊ တာဝန်အဆုံးသတ်နိုင်ရေးသော်လည်းကောင်း အာဆီယံညှိနှိုင်းဆောင်ရွက်ရေးကောင်စီမှ အတည်ပြုလက်ခံပေးနိုင်ရန် အကြံပြုပေးရမည်။

၃။ အထွေထွေအတွင်းရေးမှူးချုပ်သည် အာဆီယံ၏ အုပ်ချုပ်ရေးအရာရှိချုပ်လည်းဖြစ်၏။
၄။ ဒုတိယ–ဝန်ကြီးများအဆင့်ရှိသူများနှင့် ခန့်အပ်ထားခြင်းခံရသော ဒုတိယအထွေထွေအတွင်းရေးမှူး ချုပ်လေးဦးမှ အထွေထွေအတွင်းရေးမှူးချုပ်အား ကူညီပံ့ပိုးဆောင်ရွက်ရမည်။ အဆိုပါ ဒု–အထွေထွေ အတွင်းရေးမှူးချုပ်များမှ ယင်းတို့၏တာဝန်ဝတ္တရားများကို လုပ်ကိုင်ဆောင်ရွက်ရာ၌ အထွေထွေအ တွင်းရေးမှူးချုပ်မှ တာဝန်ခံပေးရမည်။
၅။ အဆိုပါ ဒု–အထွေထွေအတွင်းရေးမှူးချုပ်များသည် အထွေထွေအတွင်းရေးမှူးချုပ်၏ မိခင်နိုင်ငံနှင့် မတူသော နိုင်ငံများမှနိုင်ငံသားများနှင့် ခန့်အပ်ထားရမည်ဖြစ်ပြီး အာဆီယံအသင်းအဖွဲ့ဝင်နိုင်ငံများ အနက် လေးနိုင်ငံမှနိုင်ငံသားများဖြစ်ရမည်။
၆။ အဆိုပါ ဒု–အထွေထွေအတွင်းရေးမှူးချုပ်များမှာ အောက်ပါအတိုင်းဖြစ်ရမည် –

(က) ဒု–အထွေထွေအတွင်းရေးမှူးချုပ်နှစ်ဦးသည် သက်တမ်းထပ်မံတိုး၍မရသော သုံးနှစ်တာသက်တမ်း ကို တာဝန်ထမ်းဆောင်ပေးရမည်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အက္ခရာစကားလုံးအစအား အလှည့်ကျလည်ပတ်ခြင်းဖြင့် ရွေးချယ်ထားသော အဖွဲ့ဝင်နိုင်ငံ၏နိုင်ငံသားများဖြစ်ရမည်။ ယင်းတို့အား ခန့်အပ်ရန်ရွေးချယ်ရာ၌ ယင်းတို့၏သိက္ခာသမာဓိ၊ အရည်အချင်းများ၊ လုပ်ရည်ကိုင်ရည်ရှိခြင်း၊ အတွေ့ အကြုံရှိခြင်းတို့နှင့် ပြည့်စုံရမည်ဖြစ်သလို လိင်ပိုင်းဆိုင်ရာအရာအရလည်း တန်းတူညီမျှမှုအား ထည့် သွင်းစဉ်းစား၍ ခန့်အပ်တာဝန်ပေးရမည်။
(ခ) ကျန်ရှိသောအခြား ဒု–အထွေထွေအတွင်းရေးမှူးချုပ်နှစ်ဦးသည်ကား သုံးနှစ်တာသက်တမ်းပြည့် တာဝန်ထမ်းဆောင်နိုင်သည်သာမက ယင်းတို့၏သက်တမ်းအား နောက်ထပ်သုံးနှစ်တာတိုး၍ တာဝန် ပေးအပ်နိုင်သည်။ အဆိုပါ ဒု–အထွေထွေအတွင်းရေးမှူးချုပ်နှစ်ဦး၏ နေရာများအား ပွင့်ပွင့်လင်းလင်း အလုပ်ခေါ်ယူကာ လျှောက်ထားလာသူများ၏ တန်ဖိုးအစွမ်းအစပေါ်မူတည်၍ ရွေးချယ်ခန့်အပ်ရမည်။

၇။ အာဆီယံအတွင်းရေးမှူးအဖွဲ့သည်ကား အထွေထွေအတွင်းရေးမှူးချုပ်နှင့်အတူ လိုအပ်လျှင်လိုအပ် သလို ခန့်ထားသောဝန်ထမ်းများနှင့် ပါဝင်ဖွဲ့စည်းထားရမည်။
၈။ အထွေထွေအတွင်းရေးမှူးချုပ်နှင့် အဆိုပါဝန်ထမ်းများသည် အောက်ပါအတိုင်းဖြစ်ရမည် –

(က) သိက္ခာသမာဓိအပြည့်ရှိသူများ၊ လုပ်ရည်ကိုင်ရည်ကြီးသူများ၊ တာဝန်ထမ်းဆောင်ရာ၌လည်း အ စွမ်းအစရှိသူများဖြစ်ကြရမည်။
(ခ) အာဆီယံအတွင်းထံမှလွဲ၍ မည်သို့သောအစိုးရများထံမှမဆို၊ ပြင်အဖွဲ့အစည်းများထံမှမဆို ညွှန် ကြားချက်များအား ရှာဖွေခြင်း၊ ရယူခြင်းအလျဉ်းမပြုရ။
(ဂ) အာဆီယံအတွင်းရေးမှူးအဖွဲ့အနေဖြင့် အာဆီယံအသင်းအတွက်သာ တာဝန်သိသိထမ်းဆောင် ရမည်ဖြစ်ပြီး ယင်းမှသွေဖယ်မည့်လုပ်ငန်းဆောင်တာကို ရှောင်ကျဉ်ကြရမည်။

၉။ အာဆီယံအသင်း၏ အဖွဲ့ဝင်နိုင်ငံတိုင်းနိုင်ငံတိုင်းမှလည်း အာဆီယံ၏စရိုက်အတိုင်း အထွေထွေ အတွင်းရေးမှူးချုပ်နှင့် ယင်း၏ဝန်ထမ်းများ၏ တာဝန်သိသိလုပ်ငန်းထမ်းဆောင်မှုကို လေးစားသမှုပြုရ မည်ဖြစ်ပြီး ယင်းတို့၏တာဝန်သိသိထမ်းဆောင်မှုအပေါ် မည်သို့နည်းနှင့်မျှ ဩဇာလွှမ်းမိုးခြင်းမပြုရ။

# အပိုဒ် (၁၂)
## အာဆီယံသို့ခန့်အပ်လာသည့် အမြဲတမ်းကိုယ်စားလှယ်များကော်မီတီ

၁။ အာဆီယံအဖွဲ့ဝင်နိုင်ငံတိုင်းမှ ယင်းတို့၏နိုင်ငံသားတဦးအား အမြဲတမ်းကိုယ်စားလှယ်အဖြစ် ခန့်အပ်ပြီး ဂျကာတာရှိရုံး၌ သံတမန်ရေးရာအရာရှိအဖြစ် ခန့်အပ်ပေးရမည်။

၂။ အဆိုပါအမြဲတမ်းကိုယ်စားလှယ်များသည် အမြဲတမ်းကိုယ်စားလှယ်များကော်မီတီအတွင်း၌ စုစည်းပါဝင်ရမည်ဖြစ်ပြီး အဆိုပါကော်မီတီမှ အောက်ဖော်ပြပါလုပ်ငန်းများ ထမ်းဆောင်ပေးရမည် –

(က) အာဆီယံအသိုက်အမြုံကောင်စီများနှင့် အာဆီယံဝန်ကြီးများဆိုင်ရာဌာနအဖွဲ့များ၏ လုပ်ငန်းဆောင်တာများအား ပံ့ပိုးကူညီပေးရမည်။

(ခ) အာဆီယံနိုင်ငံအဆင့်အတွင်းရေးမှူးအဖွဲ့များ၊ အခြားသော အာဆီယံဝန်ကြီးများဆိုင်ရာဌာနအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ဂ) အာဆီယံ၏ အထွေထွေအတွင်းရေးမှူးချုပ်၊ အာဆီယံအတွင်းရေးမှူးအဖွဲ့တို့နှင့် ယင်းတို့တာဝန်ယူဆောင်ရွက်နေသော သက်ဆိုင်ရာအကြောင်းအရာများအားလုံးအပေါ် အဆက်အသွယ်ပြု လုပ်ကိုင်ရမည်။

(ဃ) ပြင်ပမိတ်ဖက်နိုင်ငံ၊ အဖွဲ့အစည်းများနှင့် အာဆီယံ၏ပူးပေါင်းဆောင်ရွက်မှုကို လွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးရမည်။

(င) အာဆီယံညှိနှိုင်းဆောင်ရွက်ရေးကောင်စီမှ လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်သည်ဟုစဉ်းစားဆုံးဖြတ်လာသည့် လုပ်ငန်းဆောင်တာများကို ထမ်းဆောင်ပေးရမည်။

# အပိုဒ် (၁၃)
## အာဆီယံနိုင်ငံအဆင့်အတွင်းရေးမှူးအဖွဲ့များ

အာဆီယံအဖွဲ့ဝင်နိုင်ငံတိုင်းသည် ယင်းတို့၏ အာဆီယံနိုင်ငံအဆင့် အတွင်းရေးမှူးအဖွဲ့များကို ဖွဲ့စည်းတည်ထားပေးရမည်ဖြစ်ပြီး ယင်းတို့မှာ အောက်ဖော်ပြပါတာဝန်များထမ်းဆောင်ရမည် –

(က) နိုင်ငံတော်အဆင့်ဆုံချက်ဆုံရာအဖြစ် လုပ်ကိုင်ဆောင်ရွက်ပေးရမည်။

(ခ) နိုင်ငံတော်အဆင့်ရှိ အာဆီယံအရေးကိစ္စများအားလုံးအပေါ် သတင်းအချက်အလက်ဘဏ်တခု သဖွယ် ဆောင်ရွက်ပေးရမည်။

(ဂ) နိုင်ငံတော်အဆင့်၌ အာဆီယံချမှတ်ထားသော ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်နိုင်ရေး၌ ချိတ်ဆက်မိမိဆောင်ရွက်ပေးရမည်။

(ဃ) အာဆီယံအစည်းအဝေးများ ကျင်းပပြုလုပ်ရာ၌ နိုင်ငံတော်အဆင့်ကြိုတင်ပြင်ဆင်မှုများ၌ ချိတ်ဆက်မိမိဆောင်ရွက်ပေးခြင်း၊ အထောက်အကူပြုပေးခြင်းများ လုပ်ကိုင်ရမည်။

(င) နိုင်ငံတော်အဆင့်၌ အာဆီယံ၏နိမိတ်ပုံနှင့် အာဆီယံအကြောင်းသိကောင်းစရာများကို တိုးမြှင့်ဆောင်ရွက်ရမည်။

(ဇ) အာဆီယံအသိုက်အမြုံတည်ဆောက်ရာ၌ ထောက်ကူပံ့ပိုးပေးရမည်။

## အပိုဒ် (၁၄)
## အာဆီယံလူ့အခွင့်အရေးအဖွဲ့

၁။ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခြင်းများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ ကာကွယ်ခြင်းတို့၌ အာဆီယံပဋိညာဉ်စာတမ်းအတွင်းပါရှိသည့် ရည်ရွယ်ရင်းနှင့် အခြေခံမူများစသည့် ထုံးတမ်းနှင့်အညီ အာဆီယံလူ့အခွင့်အရေးအဖွဲ့အား အာဆီယံမှ ဖွဲ့စည်းတည်ထောင်ရမည်။

၂။ ဤအာဆီယံလူ့အခွင့်အရေးအဖွဲ့သည် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးမှ စဉ်းစားဆုံးဖြတ်လာသည့် အနေအထားများအတိုင်း လုပ်ကိုင်ဆောင်ရွက်ရမည်။

## အပိုဒ် (၁၅)
## အာဆီယံအခြေခံအုတ်မြစ်အဖွဲ့

၁။ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်အား အာဆီယံအခြေခံအုတ်မြစ်အဖွဲ့မှ အထောက်အကူပေးရမည်ဖြစ်ပြီး အာဆီယံ၏နိမိတ်ပုံ၊ လူထုမှလူထုဆက်ဆံကူးလူးခြင်းနှင့် စီးပွားရေးလုပ်ငန်းများအတွင်း နီးကပ်စွာပူးတွဲဆောင်ရွက်ခြင်း၊ လူထုအခြေပြုအစုအဖွဲ့၊ ပညာတတ်အုပ်စုများနှင့် အာဆီယံတွင်းရှိ အခြားအခြားသော အစုအဖွဲ့များအကြောင်း ပိုမိုမြှင့်တင်ဆောင်ရွက်ခြင်းဖြင့် အာဆီယံအသိုက်အမြုံတည်ဆောက်ရေးကို အထောက်အကူဖြစ်ရန်အတွက် ဆောင်ရွက်လုပ်ကိုင်နေသော အခြားအခြားသော သက်ဆိုင်ရာအာဆီယံအဖွဲ့များ၏ လုပ်ကိုင်ဆောင်ရွက်ချက်များကို အထောက်အကူပြုပေးရမည်။

၂။ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်သည် အာဆီယံအခြေခံအုတ်မြစ်အဖွဲ့ကို တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး အာဆီယံညှိနှိုင်းဆောင်ရွက်ရေးကောင်စီမှတဆင့် ယင်းအဖွဲ့၏လုပ်ငန်းဆောင်တာဆိုင်ရာ အစီရင်ခံစာကို အထွေထွေအတွင်းရေးမှူးချုပ်က အာဆီယံထိပ်သီးညီလာခံသို့ ရေးသားတင်ပို့ပေးရမည်။

# အခန်း (၅)
# အာဆီယံနှင့်ဆက်နွယ်နေသော ဌာနအဆောက်အအုံများ

## အပိုဒ် (၁၆)
## အာဆီယံနှင့်ဆက်နွယ်နေသော ဌာနအဆောက်အအုံများ

၁။ အာဆီယံပဋိညာဉ်စာတမ်းအား အထူးသဖြင့် အာဆီယံ၏ ရည်ရွယ်ရင်းများနှင့် အခြေခံမူများကို ထောက်ခံပံ့ပိုးလိုသည့် ဌာနအဆောက်အအုံများနှင့် အာဆီယံမှ ထိတွေ့ဆက်သွယ်ကောင်း ဆက်

သွယ်မည်။ အဆိုပါ အာဆီယံနှင့်ဆက်နွယ်နေသော ဌာနအဆောက်အအုံများ၏ နာမည်စာရင်းဇယားအား နောက်ဆက်တွဲ (၂) အတွင်း၌ ဖော်ပြထားသည်။

၂။ အဆိုပါဌာနအဆောက်အအုံများနှင့် မည်သို့မည်ပုံ ကူးလူးဆက်ဆံရမည်ဆိုသည်ကို အထွေထွေအတွင်းရေးမှူးချုပ်၏ အကြံပြုချက်အပေါ်မူတည်၍ အမြဲတမ်းကိုယ်စားလှယ်များကော်မီတီ၏ ညွှန်ကြားပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်ရမည်။

၃။ အဆိုပါနောက်ဆက်တွဲ (၂) ပါစာရင်းကိုလည်း အမြဲတမ်းကိုယ်စားလှယ်များကော်မီတီ၏ အကြံပြုချက်အရ ဤပဋိညာဉ်စာတမ်းအတွင်း ပြင်ဆင်ရေးသားချက်ကို ကိုးကားထောက်ထားခြင်းမပြုဘဲ အထွေထွေအတွင်းရေးမှူးချုပ်မှ အချိန်နှင့်အမျှမွမ်းမံပြင်ဆင်ပြုစုနိုင်သည်။

# အခန်း (၆)
# ကင်းလွတ်ခွင့်များနှင့် အထူးအခွင့်အရေးများ

## အပိုဒ် (၁၇)
## အာဆီယံ၏ကင်းလွတ်ခွင့်များနှင့် အထူးအခွင့်အရေးများ

၁။ အာဆီယံအနေဖြင့် ယင်း၏ရည်ရွယ်ရင်းများအား ကျေပွန်အောင်ဆောင်ရွက်နိုင်ရေးအလို့ငှာ အဖွဲ့ဝင်နိုင်ငံများ၏ နယ်နိမိတ်များအတွင်း ကင်းလွတ်ခွင့်များနှင့် အထူးအခွင့်အရေးများ ရရှိစေရမည်။

၂။ အဆိုပါကင်းလွတ်ခွင့်များနှင့် အထူးအခွင့်အရေးများကို အာဆီယံနှင့် အိမ်ရှင်အဖွဲ့ဝင်နိုင်ငံအကြား နှစ်ဦးနှစ်ဖက်သီးသန့်ချမှတ် သဘောတူလက်ခံရမည်။

## အပိုဒ် (၁၈)
## အာဆီယံ၏အထွေထွေအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးအဖွဲ့၏ ကင်းလွတ်ခွင့်များနှင့် အထူးအခွင့်အရေးများ

၁။ တရားဝင်အာဆီယံလုပ်ငန်းဆောင်တာများ (ဝါ) အဖွဲ့ဝင်နိုင်ငံတနိုင်ငံအတွင်း အာဆီယံအားကိုယ်စားပြု လုပ်ကိုင်ဆောင်ရွက်နေသော အထွေထွေအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးအဖွဲ့ဝန်ထမ်းများသည် ယင်းတို့၏လုပ်ငန်းဆောင်တာများကို လွတ်လွတ်လပ်လပ်လုပ်ကိုင်နိုင်ရန် လိုအပ်သည့်ကင်းလွတ်ခွင့်များ၊ အထူးအခွင့်အရေးများကို ရရှိသင့်သည်။

၂။ ဤအပိုဒ်ပါအတိုင်း ကင်းလွတ်ခွင့်များနှင့် အထူးအခွင့်အရေးများကို အာဆီယံ၏ သီးသန့်သဘောတူညီချက်တခု၌ ချရေးသားသဘောတူရမည်။

## အပိုဒ် (၁၉)
## အမြဲတမ်းကိုယ်စားလှယ်များနှင့် အာဆီယံတာဝန်ထမ်းဆောင်နေသော အရာရှိများ၏ ကင်းလွတ်ခွင့်များနှင့် အထူးအခွင့်အရေးများ

၁။ အာဆီယံသို့ ပို့ဆောင်ခန့်အပ်ခံထားရသူ အဖွဲ့ဝင်နိုင်ငံများမှ အမြဲတမ်းကိုယ်စားလှယ်များနှင့် အဖွဲ့ဝင်နိုင်ငံများအတွင်း အာဆီယံ၏တရားဝင်လုပ်ငန်းဆောင်တာများ (ဝါ) အာဆီယံအား ကိုယ်စားပြုဆောင်ရွက်နေသူအရာရှိများသည် ယင်းတို့၏တာဝန်များ ထမ်းဆောင်ရာ၌လိုအပ်သည့် ကင်းလွတ်ခွင့်များနှင့် အထူးအခွင့်အရေးများကို ရရှိစေရမည်။

၂။ အမြဲတမ်းကိုယ်စားလှယ်များနှင့် အာဆီယံတာဝန်ဝတ္တရားများအား တရားဝင်ထမ်းဆောင်နေသောအရာရှိများသည် ၁၉၆၁ ခုနှစ်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသော သံတမန်ရေးရာဆက်ဆံခြင်း ဗီယင်နာသဘောတူညီချက်ပါအတိုင်း (ဝါ) သက်ဆိုင်ရာအာဆီယံအဖွဲ့ဝင်နိုင်ငံ၏ နိုင်ငံတော်ဥပဒေအတိုင်း ကင်းလွတ်ခွင့်များနှင့် အထူးအခွင့်အရေးများ ရရှိစေရမည်။

# အခန်း (၇)
# ဆုံးဖြတ်ချက်ချခြင်း

## အပိုဒ် (၂၀)
## ညှိနှိုင်းတိုင်ပင်ခြင်းနှင့် အများသဘောအရဆုံးဖြတ်ခြင်း

၁။ အာဆီယံအတွင်း ဆုံးဖြတ်ချက်ချလုပ်ကိုင်ခြင်းသည် အခြေခံမူအဖြစ် ညှိနှိုင်းတိုင်ပင်ခြင်းနှင့် အများသဘောအရဆုံးဖြတ်ခြင်းဖြင့်သာ လုပ်ကိုင်ဆောင်ရွက်ရမည်။

၂။ အများသဘောအရဆုံးဖြတ်ချက်ချခြင်း မပြုနိုင်သည့်အခါ အာဆီယံထိပ်သီးညီလာခံမှနေ၍ တိကျသောဆုံးဖြတ်ချက်တခုအား မည်သို့မည်ပုံချမှတ်နိုင်မည်ကို စဉ်းစားဆုံးဖြတ်ကောင်းဆုံးဖြတ်မည်။

၃။ ဤအထက်ဖော်ပြပါအပိုဒ်၏ (၁) နှင့် (၂) တွင်ပါရှိသောအချက်များသည် သက်ဆိုင်ရာအာဆီယံဥပဒေစာတမ်းများအတွင်းပါရှိသည့် အခြားဆုံးဖြတ်ချက်ချဆောင်ရွက်ရေး ပုံစံနည်းလမ်းများကို သက်ရောက်ခြင်းအလျဉ်းမရှိစေရ။

၄။ ဤပဋိဉာဉ်စာတမ်းအား ပြင်းထန်စွာချိုးဖောက်လာသည့်အခါ (ဝါ) လိုက်နာစောင့်ထိန်းမှုမပြုသည့်အခါတွင် အာဆီယံထိပ်သီးညီလာခံသို့ အဆိုပါအရေးကိစ္စအား ဆုံးဖြတ်ချက်ချလုပ်ကိုင်နိုင်ရေးအတွက် ရည်ညွှန်းတင်ပြပေးရမည်။

## အပိုဒ် (၂၁)
## အကောင်အထည်ဖော်ဆောင်ခြင်းနှင့် လုပ်ထုံးလုပ်နည်းများ

၁။ အာဆီယံအသိုက်အမြုံကောင်စီတခုချင်းစီသည် ယင်းတို့၏လုပ်ထုံးလုပ်နည်းစည်းကမ်းများကို ယင်းတို့ကိုယ်တိုင် ပြဋ္ဌာန်းသတ်မှတ်ပေးရမည်။

၂။ စီးပွားရေးအရနှစ်မြှုပ်လုပ်ကိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အာဆီယံမိုင်းနပ်စ် အိတ်က်စ် ဖော်မျူလာ (ဘာသာပြန်သူရှင်းလင်းချက် – အာဆီယံ ၁၀ နိုင်ငံရှိပါက အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တဦးနှစ်ဦးပါဝင်နိုင်ခြင်းမရှိပါက မပါဝင်ဘဲနေနိုင်အောင် ချမှတ်ထားသောလုပ်ထုံးလုပ်နည်း) အပါအဝင် ပြောင်းလွယ်ပြင်လွယ်ရှိသည့် ပူးပေါင်းပါဝင်မှုမျိုးကို အများသဘောအရ ဆုံးဖြတ်ချက်ချလုပ်ကိုင်ရသည့်အခါ အသုံးပြုကောင်းပြုနိုင်ရမည်ဖြစ်သည်။

# အခန်း (၈)
# အငြင်းပွားမှုများအား ကျေအေးခြင်း

## အပိုဒ် (၂၂)
## အထွေထွေအခြေခံမူများ

၁။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အငြင်းပွားမှုပြဿနာမှန်သမျှအား ဆွေးနွေးညှိနှိုင်းစကားဆိုခြင်း၊ ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ခြင်းနှင့် စေ့စပ်ဆွေးနွေးခြင်းဖြင့် အချိန်အတိုင်းအတာတခုအတွင်း ငြိမ်းချမ်းစွာဖြေရှင်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရမည်။

၂။ အာဆီယံအတွင်း ပူးပေါင်းဆောင်ရွက်မှုပြုသည့် နေရာဌာနအသီးသီးအတွင်း အထက်ကဆိုခဲ့သည့် အငြင်းပွားမှုကျေအေးခြင်းနည်းယန္တရားကို ထိန်းသိမ်းထားကာ တည်ဆောက်ယူရမည်။

## အပိုဒ် (၂၃)
## ဖျန်ဖြေပေးခြင်း၊ ရင်ကြားစေ့ပေးခြင်းနှင့် ပြေလည်အောင်ဆောင်ရွက်ပေးခြင်း

၁။ အငြင်းပွားခြင်းတစုံတရာဖြစ်နေသော အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဖျန်ဖြေပေးခြင်း၊ ရင်ကြားစေ့ပေးခြင်း (ဝါ) ပြေလည်အောင်ဆောင်ရွက်ပေးခြင်းဆီသို့ သတ်မှတ်ထားသည့်အချိန်ကာလတခုအတွင်း အဆိုပါအငြင်းပွားမှုကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် အားကိုးအားထားပြုအကူအညီယူနိုင်သည်။

၂။ အာဆီယံသဘာပတိ (ဝါ) အာဆီယံ၏အထွေထွေအတွင်းရေးမှူးချုပ်အား အငြင်းပွားမှုဖြစ်ပွားနေသူများမှ ဖြေရှင်းပေးရန်ပန်ကြားနိုင်ပြီး အဆိုပါသဘာပတိနှင့် အထွေထွေအတွင်းရေးမှူးချုပ်တို့မှ တရားဝင်ရာထူးတခုစွမ်းဆောင်နိုင်သမျှ၊ ကြိုးစားဖျန်ဖြေပေးနိုင်သမျှ၊ ရင်ကြားစေ့ပေးနိုင်သမျှ (ဝါ) ပြေလည်အောင်ဆောင်ရွက်ပေးနိုင်သမျှ ကူညီဖြေရှင်းပေးနိုင်သည်။

## အပိုဒ် (၂၄)
## အငြင်းပွားမှုများ ကျေအေးအောင်ဆောင်ရွက်ပေးသော နည်းလမ်းယန္တရားများပါရှိသည့် စာချုပ်စာတမ်းများ

၁။ အငြင်းပွားမှုများနှင့်ပတ်သက်၍ အာဆီယံစာချုပ်စာတမ်းများအတွင်း ဖော်ပြပါရှိသည့် နည်းလမ်းယန္တရားများနှင့် လုပ်ထုံးလုပ်နည်းများအတိုင်း အဆိုပါအငြင်းပွားမှုကို ကျေအေးစေရမည်။

၂။ အာဆီယံစာချုပ်စာတမ်းများနှင့် ဘာသာပြန်ဆိုခြင်း (ဝါ) ကျင့်သုံးခြင်းများနှင့် မသက်ဆိုင်သည့်အငြင်းပွားမှုများကိုမူ အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ပါအတိုင်း၊ ယင်းစာချုပ်အတွင်းပါရှိသည့် လုပ်ထုံးလုပ်နည်းများအတိုင်း ငြိမ်းချမ်းစွာဖြေရှင်းရမည်။
၃။ သတ်သတ်မှတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိသည့် အခြေအနေတွင် အာဆီယံစီးပွားရေးသဘောတူညီချက်များအား ဘာသာပြန်ရန်၊ ကိုးကားရန်လိုအပ်သည့် ပဋိပက္ခအငြင်းပွားမှုများကိုမူ အာဆီယံဆိုင်ရာ ပဋိပက္ခအငြင်းပွားမှုကျေအေးရေးယန္တရားတွင်းမှ လုပ်ထုံးလုပ်နည်းကျင့်ဝတ်များအတိုင်း ဆောင်ရွက်ဖြေရှင်းပေးရမည်။

## အပိုဒ် (၂၅)

## အငြင်းပွားမှုများကျေအေးရေး ယန္တရားတည်ဆောက်ဖွဲ့စည်းမှု

သတ်သတ်မှတ်မှတ် တိတိကျကျပြဋ္ဌာန်းထားခြင်း မရှိသည့်အခါတွင် ဤပဋိညာဉ်စာတမ်းနှင့် အခြားအခြားသော အာဆီယံစာချုပ်စာတမ်းများဖြင့် ဘာသာပြန်ရန် (ဝါ) ကိုးကားကျင့်သုံးရန်လိုအပ်သည့် ပဋိပက္ခအငြင်းပွားမှုမျိုးများတွင် ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်ခြင်းအပါအဝင် သင့်လျော်လျောက်ပတ်သော ကျေအေးရေးယန္တရားများကိုသုံး၍ ဖြေရှင်းပေးရမည်။

## အပိုဒ် (၂၆)

## ပြေလည်သွားခြင်းမရှိသော အငြင်းပွားမှုများ

ဤပဋိညာဉ်စာတမ်း၏ အထက်စာပိုဒ်ပါအတိုင်း ကျင့်သုံးခဲ့ပြီးဖြစ်သော်ငြား ပဋိပက္ခအငြင်းပွားမှုတခုကျေအေးပြေလည်သွားခြင်းမရှိပါက အဆိုပါပဋိပက္ခအငြင်းပွားမှုအတွက် ဆုံးဖြတ်စီရင်မှုရယူနိုင်ရန် အာဆီယံထိပ်သီးညီလာခံသို့ ရည်ညွှန်းတင်ပြပို့ပေးရမည်။

## အပိုဒ် (၂၇)

## လေးစားလိုက်နာခြင်း

၁။ အာဆီယံအတွင်းရေးမှူးအဖွဲ့ (ဝါ) အခြားတာဝန်ပေးအပ်ထားသော အာဆီယံအစုအဖွဲ့များ၏ အထောက်အကူဖြင့် ရှာဖွေတွေ့ရှိချက်များ၊ အကြံပြုချက်များ (ဝါ) အာဆီယံပဋိပက္ခအငြင်းပွားခြင်း ကျေအေးအောင်ဆောင်ရွက်ရေး လုပ်နည်းယန္တရားမှ ထွက်ပေါ်လာသည့်ဆုံးဖြတ်ချက်များဖြင့် လိုက်နာစောင့်ထိန်းရမည့်အရာများအား လိုက်နာခြင်းရှိမရှိကို အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်မှနေ၍ စောင့်ကြည့်စစ်ဆေးပေးရမည်ဖြစ်ပြီး အာဆီယံထိပ်သီးညီလာခံသို့ အစီရင်ခံစာတစောင် ရေးသားတင်ပို့ပေးရမည်။
၂။ ရှာဖွေတွေ့ရှိချက်များ၊ အကြံပြုချက်များ (ဝါ) အာဆီယံပဋိပက္ခအငြင်းပွားခြင်း ကျေအေးအောင်ဆောင်ရွက်ရေး လုပ်နည်းယန္တရားမှ ထွက်ပေါ်လာသည့်ဆုံးဖြတ်ချက်များအား လေးစားလိုက်နာခြင်း

မရှိ၍ သက်ရောက်ခံစားရသည့် အဖွဲ့ဝင်နိုင်ငံမည်သည့်နိုင်ငံမဆို အာဆီယံထိပ်သီးညီလာခံသို့ ဆုံးဖြတ်ချက်ရယူနိုင်ရန် ရည်ညွှန်းတင်ပြနိုင်သည်။

## အပိုဒ် (၂၈)

## ကုလသမဂ္ဂပဋိညာဉ်စာတမ်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အခြားသက်ဆိုင်ရာ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများ

ဤပဋိညာဉ်စာတမ်းအတွင်း ထည့်သွင်းဖော်ပြထားခြင်းမရှိပါက ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ အပိုဒ် ၃၃ (၁) တွင် ဖော်ပြထားသည့်အတိုင်း ငြိမ်းချမ်းစွာကျေအေးခြင်းက အားကိုးအားထားပြု ရွေးချယ်နိုင်သည့်အခွင့်အရေး (ဝါ) အငြင်းပွားနေသည့်အဖွဲ့ဝင်နိုင်ငံများ ပတ်သက်နေသည့် အခြားသောနိုင်ငံတကာဥပဒေစာချုပ်စာတမ်းများအရ ဖြေရှင်းခွင့်ကိုယူနိုင်သည်။

# အခန်း (၉)
# ရသုံးငွေနှင့် ဘဏ္ဍာရေး

## အပိုဒ် (၂၉)

## အထွေထွေအခြေခံမူများ

၁။ အာဆီယံအနေဖြင့် ဘဏ္ဍာရေးနှင့်ပတ်သက်သည့် စည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများအား နိုင်ငံတကာစံမှီ ချမှတ်လုပ်ဆောင်ရမည်။

၂။ အာဆီယံအနေဖြင့် ဘဏ္ဍာရေးအရ ကြံ့ခိုင်သောပေါ်လစီမူဝါဒများ၊ လက်တွေ့ကျင့်သုံးမှုများနှင့် အသုံးစရိတ်စည်းကမ်းများကို ချမှတ်လိုက်နာရမည်။

၃။ ဘဏ္ဍာငွေစာရင်းအား အသင်းအတွင်းမှုဖြစ်စေ၊ အသင်းပြင်ပမှုဖြစ်စေ စာရင်းစစ်ခြင်းအား လက်ခံလိုက်နာရမည်။

## အပိုဒ် (၃၀)

## လုပ်ငန်းအသုံးစရိတ်နှင့် အာဆီယံအတွင်းရေးမှူးအဖွဲ့၏ ဘဏ္ဍာရေး

၁။ အာဆီယံအတွင်းရေးမှူးအဖွဲ့အား ယင်း၏လုပ်ငန်းဆောင်တာများ ထိထိရောက်ရောက် လုပ်ကိုင်နိုင်ရန် လိုအပ်သည့်ဘဏ္ဍာငွေအရင်းအမြစ်များကို ထောက်ပံ့ကူညီပေးထားရမည်။

၂။ အာဆီယံအတွင်းရေးမှူးအဖွဲ့၏ လုပ်ငန်းလည်ပတ်ရေးဘဏ္ဍာငွေအား အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နှစ်စဉ်တူညီသောအထောက်အကူပေးခြင်းဖြင့် ထောက်ပံ့ပေးရမည်ဖြစ်ပြီး အဆိုပါအဖွဲ့ဝင်နိုင်ငံများမှ သတ်မှတ်ထားသည့်အချိန်အတိုင်း ပေးဆောင်လာရမည်။

၃။ အမြဲတမ်းကိုယ်စားလှယ်များကော်မီတီ၏ အကြံပြုချက်အပေါ်မူတည်ကာ အာဆီယံညှိနှိုင်းဆောင်ရွက်ရေးကောင်စီမှ လက်ခံအတည်ပြုပေးနိုင်ရန်အတွက် အထွေထွေအတွင်းရေးမှူးချုပ်က နှစ်စဉ်လုပ်ငန်းလည်ပတ်ရေးဘဏ္ဍာငွေကို ပြင်ဆင်ပေးရမည်။

၄။ အမြဲတမ်းကိုယ်စားလှယ်များကော်မီတီ၏ အကြံပြုချက်အပေါ်မူတည်ကာ အာဆီယံညှိနှိုင်းဆောင်ရွက်ရေးကောင်စီမှ ချမှတ်ဆုံးဖြတ်လိုက်သော ဘဏ္ဍာရေးစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို အာဆီယံအတွင်းရေးမှူးအဖွဲ့မှ လုပ်ငန်းလည်ပတ်ရေးစရိတ်သုံးစွဲရာ၌ လိုက်နာရမည်။

# အခန်း (၁၀)
# စီမံခန့်ခွဲရေးနှင့် လုပ်ထုံးလုပ်နည်း

## အပိုဒ် (၃၁)
## အာဆီယံသဘာပတိနေရာ

၁။ အဖွဲ့ဝင်နိုင်ငံများ၏ အင်္ဂလိပ်လိုနာမည်စာလုံးပေါင်းအတိုင်း အစဉ်လိုက်အပေါ်မူတည်ကာ အာဆီယံသဘာပတိနေရာကို နှစ်စဉ်အလှည့်ကျတာဝန်ယူသွားရမည်။

၂။ ပြက္ခဒိန်နှစ်တနှစ်အတွင်း သဘာပတိတနေရာတည်းအား သဘာပတိနေရာတာဝန်ကျသော အဖွဲ့ဝင်နိုင်ငံမှ တာဝန်ယူရမည်ဖြစ်ပြီး အဆိုပါသဘာပတိမှာ အောက်ပါလုပ်ငန်း၊ အစည်းအဝေးများကို သဘာပတိအဖြစ်ဆောင်ရွက်ပေးရမည် –

(က) အာဆီယံထိပ်သီးညီလာခံနှင့် အခြားပတ်သက်ရာထိပ်သီးညီလာခံများ၊

(ခ) အာဆီယံညှိနှိုင်းဆောင်ရွက်ရေးကောင်စီ၊

(ဂ) အာဆီယံအသိုက်အမြုံကောင်စီများ သုံးခု၊

(ဃ) အာဆီယံဝန်ကြီးများဆိုင်ရာ ဌာနအဖွဲ့များနှင့် အဆင့်မြင့်အရာရှိများအား အလျဉ်းသင့်သလို ဆောင်ရွက်ခြင်း၊

(င) အမြဲတမ်းကိုယ်စားလှယ်များကော်မီတီ၊

## အပိုဒ် (၃၂)
## အာဆီယံသဘာပတိ တာဝန်အခန်းကဏ္ဍ

အာဆီယံ၏ လတ်တလောသဘာပတိတာဝန်ထမ်းဆောင်နေသော အဖွဲ့ဝင်နိုင်ငံသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် –

(က) ပေါ်လစီမူဝါဒ၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ အများသဘောအရလုပ်ဆောင်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် အာဆီယံအသိုက်အမြုံတည်ဆောက်ရေး၌ အာဆီယံ၏အကျိုးစီးပွားနှင့် ကြွယ်ဝသုခအဖြာဖြာအား တက်တက်ကြွကြွတိုးမြှင့်ဆောင်ရွက်ရမည်။

(ခ) အာဆီယံ၏ အဓိကအချက်အချာကျမှုကို ကျိန်းသေအောင်အာမခံဆောင်ရွက်ရမည်။
(ဂ) ဖျန်ဖြေပေးခြင်းနှင့် အခြားအခြားသော စိုးရိမ်ရမှုများအား ရုတ်ခြည်းစီစဉ်ကိုင်တွယ်ပေးခြင်းအပါအဝင် အာဆီယံအပေါ်သက်ရောက်နေသည့် လတ်တလောအရေးတကြီးကိစ္စများ (ဝါ) အကြပ်အတည်းအခြေအနေများကို ထိရောက်စွာနှင့် လိုလားဖွယ်ရာအချိန်တခုအတွင်း တုံ့ပြန်ဆောင်ရွက်နိုင်အောင် သေချာစွာဆောင်ရွက်ပေးနိုင်ရမည်။
(ဃ) ပြင်ပအဖွဲ့အစည်းများနှင့် ပိုမိုရင်းနှီးချစ်ကြည်မှုရှိသောဆက်ဆံမှုအား ပိုမိုခိုင်မာလာအောင်၊ ပိုမိုတိုးမြှင့်နိုင်အောင် အာဆီယံအား ကိုယ်စားပြုဆောင်ရွက်ပေးရမည်။
(င) လုပ်ပိုင်ခွင့်အပ်နှင်း၍ပေးလာသော အခြားတာဝန်များနှင့် လုပ်ငန်းဆောင်တာများကို ထမ်းဆောင်ရမည်။

## အပိုဒ် (၃၃)

### သံတမန်ရေးရာကျင့်ဝတ်နှင့် ကျင့်သုံးမှုများ

အာဆီယံနှင့်ပတ်သက်သော လုပ်ငန်းဆောင်တာများလုပ်ကိုင်နေသမျှ အာဆီယံနှင့် ယင်း၏အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လတ်တလောတည်ရှိသည့် သံတမန်ရေးရာကျင့်ဝတ်နှင့် ကျင့်သုံးမှုများကို လိုက်နာစောင့်ထိန်းရမည်။ အပြောင်းအလဲတခုလုပ်လိုပါက အမြဲတမ်းကိုယ်စားလှယ်များကော်မီတီ၏ အကြံပြုချက်ဖြင့် အာဆီယံညှိနှိုင်းဆောင်ရွက်ရေးကောင်စီမှ အတည်ပြုလက်ခံပေးမှသာ ပြောင်းလဲနိုင်ရမည်။

## အပိုဒ် (၃၄)

### အာဆီယံ၏ လုပ်ငန်းလည်ပတ်သည့်ဘာသာစကား

အာဆီယံလုပ်ငန်းလည်ပတ်သည့်အခါ အသုံးပြုမည့်ဘာသာစကားမှာ အင်္ဂလိပ်ဘာသာဖြစ်ရမည်။

# အခန်း (၁၁)

# နိမိတ်ပုံနှင့် သင်္ကေတများ

## အပိုဒ် (၃၅)

### အာဆီယံနိမိတ်ပုံ

အာဆီယံမှ ယင်း၏ဘုံနိမိတ်ပုံသည်သာမက လူထုအများအကြား တဦးနှင့်တဦးသက်ဆိုင်ပတ်သက်သည်ဟူသော ခံစားမှုအား တူညီသောကြမ္မာ၊ ပန်းတိုင်နှင့် တန်ဖိုးများ အရလှမ်းယူနိုင်ရေးအတွက် တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်သည်။

## အပိုဒ် (၃၆)
## အာဆီယံဆောင်ပုဒ်

အာဆီယံ၏ဆောင်ပုဒ်မှာ "အမြင်တမြင်၊ နိမိတ်ပုံတရပ်၊ အသိုက်အမြုံတခု" ဟူ၍ဖြစ်ရမည်။

## အပိုဒ် (၃၇)
## အာဆီယံ အလံတော်

အာဆီယံ၏အလံတော်သည် နောက်ဆက်တွဲ (၃) ၌ ပါရှိသည့်အတိုင်းဖြစ်ရမည်။

## အပိုဒ် (၃၈)
## အာဆီယံအမှတ်သင်္ကေတ

အာဆီယံ၏ အမှတ်သင်္ကေတသည် နောက်ဆက်တွဲ (၄) ၌ ဖော်ပြထားသည့်အတိုင်းဖြစ်ရမည်။

## အပိုဒ် (၃၉)
## အာဆီယံအထိမ်းအမှတ်နေ့

အာဆီယံအထိမ်းအမှတ်နေ့အား သြဂုတ်လ (၈) ရက်နေ့တိုင်း၌ ကျင်းပရမည်။

## အပိုဒ် (၄၀)
## အာဆီယံသီချင်း

အာဆီယံသည် အာဆီယံသီချင်းတပုဒ်ရှိရမည်။

# အခန်း (၁၂)
# ပြင်ပဆက်ဆံရေးများ

## အပိုဒ် (၄၁)
## ပြင်ပဆက်ဆံရေးဆိုင်ရာ လုပ်ဆောင်မှု

၁။ အာဆီယံအနေဖြင့် အခြားနိုင်ငံများ၊ ဒေသခွဲ၊ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဌာနအဆောက်အအုံများနှင့် မိတ်ဆွေရင်းချာပမာဆက်ဆံရေးနှင့် အပြန်အလှန်အကျိုးဖြစ်စေသော ဆွေးနွေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ အစုစပ်ပြုခြင်းများကို တိုးမြှင့်ဆောင်ရွက်ရမည်။

၂။ အာဆီယံ၏ပြင်ပဆက်ဆံရေးလုပ်ဆောင်ရာ၌ ဤပဋိညာဉ်စာတမ်းအတွင်း ဖော်ပြပါရှိသည့်ရည်ရွယ်ရင်းများ၊ အခြေခံမူများအတိုင်း စောင့်ထိန်းလိုက်နာကာ ဆက်ဆံရမည်။
၃။ ဒေသအတွင်းပူးပေါင်းဆောင်ရွက်ခြင်းနှင့် အသိုက်အမြုံတည်ဆောက်ခြင်းဟူသည့် အာဆီယံ၏အဓိကအချက်အချာကျမှုကို အာဆီယံမှဦးဆောင်ဦးရွက်ပြုကာ ဒေသတွင်းပြင်ဆင်စီစဉ်မှုများ၏ တွန်းအားပေးဆောင်ရွက်သည့် ကနဦးအုပ်စုဖြစ်ရမည်။
၄။ အာဆီယံ၏ပြင်ပဆက်ဆံရေးလုပ်ဆောင်ရာ၌ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ညီညွတ်မှုနှင့် စည်းလုံးမှုတို့အပေါ်အခြေခံကာ ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဘုံအနေအထားများတိုးမြှင့်ဆောင်ရွက်ခြင်းနှင့် ဖက်စပ်ဆက်စပ်လုပ်ကိုင်သည့် လှုပ်ရှားဆောင်ရွက်မှုမျိုးကိုသာ ကြိုးပမ်းအားထုတ်လုပ်ဆောင်ရမည်။
၅။ အာဆီယံ၏ပြင်ပဆက်ဆံရေးဆိုင်ရာ နည်းဗျူဟာအရပေါ်လစီမူဝါဒလမ်းညွှန်ချက်များသည် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၏ အကြံပြုချက်အပေါ်မူတည်၍ အာဆီယံထိပ်သီးညီလာခံမှ ချမှတ်ပေးရမည်။
၆။ အာဆီယံ၏ပြင်ပဆက်ဆံရေး ပြုမူဆောင်ရွက်ရာ၌ ရှေ့နောက်ညီတသမတ်တည်းဖြစ်နေရန်နှင့် အဆက်အစပ်မိနေစေရန်အတွက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးက သေချာအောင်ဆောင်ရွက်ပေးရမည်။
၇။ အာဆီယံအနေဖြင့် ဒေသခွဲတွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာရှိအဖွဲ့အစည်းများ၊ ဌာနအဆောက်အအုံများနှင့် သဘောတူညီထားချက်များကို ပြီးဆုံးနိဂုံးချုပ်ကောင်းချုပ်နိုင်သည်။ ထိုသို့ သဘောတူညီထားချက်များအား အပြီးသတ်ဆောင်ရွက်ရေး လုပ်နည်းလုပ်စဉ်များကို အာဆီယံအသိုက်အမြုံကောင်စီများ၏ နီးနှောတိုင်ပင်မှုဖြင့် အာဆီယံညှိနှိုင်းဆောင်ရွက်ရေးကောင်စီမှ ပြဋ္ဌာန်းပေးရမည်။

# အပိုဒ် (၄၂)

## ဆွေးနွေးညှိနှိုင်းရေးဆောင်ရွက်သူ

၁။ သက်ဆိုင်ရာဆွေးနွေးညှိနှိုင်းရေးအပေါင်းအဖက်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာရှိအဖွဲ့အစည်းများနှင့် ဌာနအဆောက်အအုံများနှင့် အာဆီယံ၏အကျိုးစီးပွားစီမံဆောင်ရွက်ရေး၊ တိုးမြှင့်လုပ်ဆောင်ရေး ကူးလူးဆက်ဆံမှုပြုရာတွင် နိုင်ငံတော်ညှိနှိုင်းဆောင်ရွက်သူများအဖြစ် လုပ်ကိုင်ပေးနေသည့် အဖွဲ့ဝင်နိုင်ငံများက ရှိနေသည့်တာဝန်ဝတ္တရားအား အလှည့်ကျတာဝန်ယူဆောင်ရွက်ပေးရမည်။
၂။ ပြင်ပအပေါင်းအဖက်များနှင့် ဆက်ဆံကူးလူးမှုပြုသည့်အခါ နိုင်ငံတော်ညှိနှိုင်းဆောင်ရွက်ပေးနေသူများက ရှိနေသည့်တာဝန်ဝတ္တရားများအနက် အောက်ပါလုပ်ငန်းများကို ထမ်းဆောင်စေရမည် –

(က) အာဆီယံအား ကိုယ်စားပြုဆောင်ရွက်ရန်နှင့် အာဆီယံ၏အခြေခံမူများနှင့်အညီ အပြန်အလှန်လေးစားမှု၊ တန်းတူညီမှုအခြေခံသော ကူးလူးဆက်ဆံမှုအား ပိုမိုတိုးတက်ခိုင်မာအောင် လုပ်ဆောင်ပေးရမည်။
(ခ) အာဆီယံနှင့် ပြင်ပအပေါင်းအဖက်များအကြားပြုလုပ်သည့် သက်ဆိုင်ရာအစည်းအဝေးများ၌ တွဲဖက်သဘာပတိအဖြစ် ကူညီဆောင်ရွက်ပေးရမည်။

(ဂ) ဤသို့လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် တတိယနိုင်ငံအတွင်းရှိ သက်ဆိုင်ရာအာဆီယံကော်မီတီများနှင့် နိုင်ငံတကာအဖွဲ့အစည်းများထံမှ အကူအညီယူဆောင်ရွက်နိုင်သည်။

## အပိုဒ် (၄၃)
## တတိယနိုင်ငံများအတွင်းရှိ အာဆီယံဆိုင်ရာကော်မီတီများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ

၁။ အာဆီယံအဖွဲ့ဝင်နိုင်ငံများမဟုတ်သော နိုင်ငံများအတွင်း တတိယနိုင်ငံအတွင်းရှိနေသည့် အာဆီယံကော်မီတီများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သံတမန်ရေးရာခေါင်းဆောင်များနှင့် ဖွဲ့စည်းထားရှိနိုင်သည်။ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပတ်သက်၍ ကော်မီတီများကို ဖွဲ့စည်းထားရှိနိုင်သည်။ အဆိုပါကော်မီတီများသည် ယင်းတို့ရောက်ရှိနေသည့်အိမ်ရှင်နိုင်ငံများအတွင်း၊ နိုင်ငံတကာအဖွဲ့အစည်းများအတွင်း၌ အာဆီယံ၏အကျိုးစီးပွားနှင့် နိမိတ်ပုံကို တိုးမြှင့်ဆောင်ရွက်ပေးရမည်။

၂။ အဆိုပါကော်မီတီများ မည်သို့မည်ပုံပြုမူဆောင်ရွက်ရမည်ကို အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှ ဆုံးဖြတ်သတ်မှတ်ရမည်။

## အပိုဒ် (၄၄)
## ပြင်ပပါတီအဖွဲ့များ၏ အခနေအထား

၁။ အာဆီယံပြင်ပဆက်ဆံရေး ပြုမူဆောင်ရွက်ရာတွင် ပြင်ပအပေါင်းအဖက်တစုတဖွဲ့အား ဆွေးနွေးညှိနှိုင်းသူအပေါင်းအဖက်အဖြစ်၊ အစိတ်အပိုင်းဆိုင်ရာ ဆွေးနွေးညှိနှိုင်းသူအပေါင်းအဖက်အဖြစ်၊ တိုးတက်ဖွံ့ဖြိုးရေးအပေါင်းအဖက်အဖြစ်၊ အထူးလေ့လာသူအဖြစ်၊ ဧည့်သည်တော်အဖြစ် (ဝါ) အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးမှ  တရားဝင်အပ်နှင်းပေးနိုင်သည်။

၂။ အာဆီယံ၏အစည်းအဝေးများ (ဝါ) ပူးပေါင်းဆောင်ရွက်သောလှုပ်ရှားမှုများသို့ တရားဝင်အသိအမှတ်ပြုထားခြင်းမရှိသော်ငြား ပြင်ပအပေါင်းအဖက်များ၊ အဖွဲ့အစည်းများအား လုပ်ထုံးလုပ်နည်းစဉ်များအတိုင်း တက်ရောက်ရန်ဖိတ်ခေါ်နိုင်သည်။

## အပိုဒ် (၄၅)
## ကမ္ဘာ့ကုလသမဂ္ဂစနစ်နှင့် အခြားသောနိုင်ငံတကာအဖွဲ့အစည်းများ၊ ဌာနအဆောက်အအုံများနှင့် ကူးလူးဆက်ဆံရေး

၁။ ကမ္ဘာ့ကုလသမဂ္ဂစနစ်၊ အခြားသောဒေသခွဲ၊ ဒေသတွင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဌာနအဆောက်အအုံများနှင့် ကူးလူးဆက်ဆံမှုပြုသည့်အခါ အာဆီယံမှ သင့်လျော်လျောက်ပတ်သည့် နေရာဌာနတခုအား ရယူကောင်းရယူနိုင်သည်။

၂။ ဒေသခွဲ၊ ဒေသတွင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဌာနအဆောက်အအုံများအတွင်း အာဆီယံ ပါဝင်ပတ်သက်မှု ပြုရေးမပြုရေးအတွက် အာဆီယံညှိနှိုင်းဆောင်ရွက်ရေးကော်မီတီမှ ဆုံးဖြတ်လုပ်ကိုင်နိုင်သည်။

## အပိုဒ် (၄၆)
## အာဆီယံသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမဟုတ်သော နိုင်ငံများအတွက် တရားဝင်နေရာဌာနသတ်မှတ်ပေးခြင်း

အာဆီယံအဖွဲ့ဝင်နိုင်ငံများမဟုတ်သော နိုင်ငံများနှင့် သက်ဆိုင်ရာအစိုးရအချင်းချင်းကြား ဖွဲ့စည်းထားသောအဖွဲ့အစည်းများမှ အာဆီယံသို့ ယင်းတို့၏သံအမတ်များခန့်ထားအပ်နှင်း ပို့ဆောင်တာဝန်ပေးနိုင်သည်။ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးမှ အဆိုပါတရားဝင်ခန့်အပ်ခြင်းကို ဆုံးဖြတ်ချမှတ်နိုင်သည်။

# အခန်း (၁၃)
# အထွေထွေနှင့် နောက်ဆုံးပြဌာန်းချက်

## အပိုဒ် (၄၇)
## လက်မှတ်ရေးထိုးခြင်း၊ အတည်ပြုလက်မှတ်ရေးထိုးခြင်း၊ တင်ပြအပ်နှံခြင်းနှင့် အာဏာအဖြစ်တည်လာခြင်း

၁။ ဤပဋိညာဉ်စာတမ်းအား အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးမှ လက်မှတ်ရေးထိုးရမည်။

၂။ ဤပဋိညာဉ်စာတမ်းသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သက်ဆိုင်ရာပြည်တွင်းလုပ်ထုံးလုပ်နည်းများအရ အတည်ပြုလက်မှတ်ရေးထိုးခြင်းဖြစ်ရမည်။

၃။ အတည်ပြုလက်မှတ်ရေးထိုးသည့် စာချုပ်စာတမ်းများအား အာဆီယံ၏ အထွေထွေအတွင်းရေးမှူးချုပ်ထံ တင်ပြအပ်နှံခြင်းပြုအပြီး အထွေထွေအတွင်းရေးမှူးချုပ်မှနေ၍ အခြားသောအဖွဲ့ဝင်နိုင်ငံများအား အပ်နှံလာသည်နှင့်တပြိုင်နက် ချက်ခြင်းအသိပေးတင်ပြရမည်။

၄။ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ထံ အတည်ပြုလက်မှတ်ရေးထိုးထားသည့် ဆယ်ခုမြောက် စာချုပ်စာတမ်း အပ်နှံရောက်လာသည့်နေ့မှစ၍ ရက်သုံးဆယ်မြောက်နေ့တွင် ဤပဋိညာဉ်စာတမ်းသည် အာဏာအဖြစ်တည်သည်။

## အပိုဒ် (၄၈)
## ပြင်ဆင်ရေးဆွဲချက်

၁။ ဤပဋိညာဉ်စာတမ်းအား ပြင်ဆင်ရေးဆွဲလိုသည်ဆိုခြင်းအား အဖွဲ့ဝင်နိုင်ငံ မည်သည့်နိုင်ငံကမဆို အဆိုပြုတင်သွင်းနိုင်သည်။

၂။ ဤပဋိညာဉ်စာတမ်းအား ပြင်ဆင်ရေးဆွဲလိုသည့် အဆိုပြုတင်သွင်းချက်ကို အများသဘောတူခြင်းရရှိပြီးသည့်အခါ အာဆီယံညှိနှိုင်းဆောင်ရွက်ရေးကောင်စီမှတဆင့် အာဆီယံထိပ်သီးညီလာခံသို့ ဆုံးဖြတ်ချက်ချမှတ်ပေးရန် တင်ပြနိုင်သည်။
၃။ ပဋိညာဉ်စာတမ်းအား ပြင်ဆင်ရေးဆွဲရန်အတွက် အာဆီယံထိပ်သီးညီလာခံမှ အများဆန္ဒအရ သဘောတူဆုံးဖြတ်အပြီး အပိုဒ် (၄၇) တွင်ဖော်ပြထားသည့်အတိုင်း အဖွဲ့ဝင်နိုင်ငံများအားလုံးမှ အတည်ပြုလက်မှတ်ရေးထိုးရမည်။
၄။ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ထံ အပ်နှံလာသည့် နောက်ဆုံးစာချုပ်စာတမ်း ရောက်ရှိလာသောနေ့မှ ရက်သုံးဆယ်မြောက်နေ့၌ ပြင်ဆင်ရေးဆွဲချက်ကို အာဏာအဖြစ်တည်စေရမည်။

# အပိုဒ် (၄၉)

## ကာလသက်တမ်းနှင့် လုပ်ထုံးလုပ်နည်းစည်းမျဉ်းများ

ဤပဋိညာဉ်စာတမ်းအတွင်း ထည့်သွင်းပြဋ္ဌာန်းထားသည့်အခါမှလွဲ၍ ကာလသက်တမ်းနှင့် လုပ်ထုံးလုပ်နည်းစည်းမျဉ်းများကို အာဆီယံညှိနှိုင်းဆောင်ရွက်ရေးကောင်စီမှ ဆုံးဖြတ်ချမှတ်ရမည်ဖြစ်ပြီး အဆိုပါစည်းမျဉ်းများ ရှေ့နောက်ညီထွေရှိမရှိကို သေချာအောင်လုပ်ကိုင်ရမည်။

# အပိုဒ် (၅၀)

## ပြန်လည်သုံးသပ်ခြင်း

ဤပဋိညာဉ်စာတမ်း အာဏာအဖြစ်တည်အပြီး ငါးနှစ်တာအကြာတွင် ပြန်လည်သုံးသပ်ချက်ပြုကောင်းပြုနိုင်သည်၊ (ဝါ) အာဆီယံထိပ်သီးညီလာခံမှ ပြန်လည်သုံးသပ်ရန် ဆုံးဖြတ်လာသည့်အခါ သုံးသပ်ရမည်။

# အပိုဒ် (၅၁)

## ဤစာတမ်းအား ဘာသာပြန်ဆိုခြင်း

၁။ ဤပဋိညာဉ်စာတမ်းအား ဘာသာပြန်ဆိုချက်ကို အဖွဲ့ဝင်နိုင်ငံတနိုင်ငံမှ ပန်ကြားလာသည့်အခါ အာဆီယံညှိနှိုင်းဆောင်ရွက်ရေးကောင်စီမှ ဆုံးဖြတ်ချမှတ်ထားသည့် လုပ်ထုံးလုပ်နည်းစည်းမျဉ်းများအတိုင်း အာဆီယံအတွင်းရေးမှူးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ရမည်။
၂။ ပဋိညာဉ်စာတမ်းအား ဘာသာပြန်ဆိုခြင်းမှ ဖြစ်ပွားပေါ်ပေါက်လာသည့် မည်သို့သောအငြင်းပွားမှုမျိုးမဆို အခန်း (၈) ပါပြဋ္ဌာန်းချက်များအတိုင်း ဖြေရှင်းကျေအေးစေရမည်။
၃။ ဤပဋိညာဉ်စာတမ်းအတွင်း အသုံးပြုသည့်ခေါင်းစဉ်များ၊ အကြောင်းအရာများအားလုံးသည် ကိုးကားမှုပြုရန် ရည်ရွယ်ရင်းသက်သက်သာဖြစ်ရမည်။

## အပိုဒ် (၅၂)

### ဥပဒေကြောင်းအရ ချိတ်ဆက်မိမိဆောင်ရွက်ခြင်း

၁။ ဤပဋိညာဉ်စာတမ်း အာဏာအဖြစ်မတည်ခင် ရှိနေရင်းဖြစ်သော နိုင်ငံအချင်းချင်းအကြား တရားဝင်သဘောတူစာချုပ်များ၊ အစိုးရများအကြားသဘောတူစာချုပ်များ၊ သဘောတူညီချက်များ၊ သဟဇာတဖြစ်ရေးသဘောတူချက်များ၊ တရားဝင်ကြေညာချက်များ၊ သံတမန်ရေးရာကျင့်ဝတ်များနှင့် အခြားအခြားသော အာဆီယံစာချုပ်စာတမ်းများအားလုံး ဆက်လက်၍တရားဝင်တည်မြဲနေရမည်။

၂။ အထက်ဖော်ပြပါစာချုပ်စာတမ်းများ၊ သဘောတူညီချက်များနှင့် ယခုပဋိညာဉ်စာမ်းတို့အတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများဆိုင်ရာ၌ ရှေ့နောက်လိုက်လျောညီထွေမှုမရှိ ဖြစ်လာသည့်အခါ ဤပဋိညာဉ်စာတမ်းကိုသာ အတည်အဖြစ်ယူရမည်။

## အပိုဒ် (၅၃)

### မူရင်းစာသား

လက်မှတ်ရေးထိုးထားသည့် ဤပဋိညာဉ်စာမ်း၏ အင်္ဂလိပ်ဘာသာဖြင့် မူရင်းစာသားကို အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ထံသို့ တင်ပို့အပ်နှံရမည်ဖြစ်ပြီး ယင်းမှ အဖွဲ့ဝင်နိုင်ငံတနိုင်ငံစီအား မူရင်းမှန်ကန်ကြောင်း တရားဝင်ဖော်ပြထားသည့် မိတ္တူတခုကို ပို့ပေးရမည်။

## အပိုဒ် (၅၄)

### အာဆီယံ၏ ဤစာတမ်းအား မှတ်တမ်းတင်ခြင်း

အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်မှ ကမ္ဘာ့ကုလသမဂ္ဂပဋိညာဉ်စာတမ်း၏ အပိုဒ် (၁၀၂) တွင်ပါရှိသည့်အတိုင်း ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးအဖွဲ့နှင့် ဤအာဆီယံပဋိညာဉ်စာတမ်းအား မှတ်တမ်းတင်ခြင်းပြုရမည်။

## အပိုဒ် (၅၅)

### အာဆီယံပိုင်ဆိုင်မှုတန်ဖိုး

အဖွဲ့အစည်း၏ ပစ္စည်းဥစ္စာနှင့် ရံပုံငွေများအား အာဆီယံနာမည်နှင့် တရားဝင်အပ်နှင်းထားရှိရမည်။

**ဤစာတမ်းအား နိုဝင်ဘာလ (၂၀) ရက်၊ ခရစ်သက္ကရာဇ် ၂၀၀၇ ခုနှစ်တွင် စင်္ကာပူနိုင်ငံ၌ အင်္ဂလိပ်ဘာသာစကားဖြင့် မူရင်းစာသားအား ရေးသားပြီးစီးသည်။**

**ဘရူနိုင်းဒါရုဆလာမ်နိုင်ငံအတွက် –**
ဟာဂျီ ဟာဆာနယ် ဘော်ကီယာ
ဘရူနိုင်းဒါရုဆလာမ်နိုင်ငံပသီဘုရင်

**ကမ္ဘောဒီးယားဘုရင့်နိုင်ငံတော်အတွက် –**
ဆာမ်ဒက် ဟွန် ဆန်
ဝန်ကြီးချုပ်

**အင်ဒိုနီးရှားသမ္မတနိုင်ငံအတွက် –**
ဒေါက်တာ ဆူဆီလို ဘမ်ဘန်ဂ် ယူဓိုယိုနို
သမ္မတ

**ပြည်သူ့ဒီမိုကရေစီ ပြည်ထောင်စုသမ္မတ လောနိုင်ငံအတွက် –**
ဘိုအူယာဆွန်း ဘော်ဖာဗာန်
ဝန်ကြီးချုပ်

**မလေးရှားနိုင်ငံအတွက် –**
ဒါတို ဆယ်ရီ အဘ္ဘဒူလာ အာမက် ဘာဒါဝီ
ဝန်ကြီးချုပ်

**ပြည်ထောင်စုမြန်မာနိုင်ငံအတွက် –**
ဗိုလ်ချုပ်ကြီးသိန်းစိန်
ဝန်ကြီးချုပ်

**ဖိလစ်ပိုင်သမ္မတနိုင်ငံအတွက် –**
ဂလိုရီယာ မာကာပါဂယ်–အာရိုယို
သမ္မတ

**စင်္ကာပူသမ္မတနိုင်ငံအတွက် –**
လီး ဆီးယန်း လွန်း
ဝန်ကြီးချုပ်

**ထိုင်းဘုရင့်နိုင်ငံအတွက် –**
ဗိုလ်ချုပ်ကြီး ဆူရာယွတ်ဒ် ချူလာနွန့် (အငြိမ်းစား)
ဝန်ကြီးချုပ်

**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံအတွက် –**
ငုယင် တန်ဒွန်
ဝန်ကြီးချုပ်

# BURMA PARTNERSHIP

## " Strengthening

## Cooperation

## for

## a

## Free Burma"

Burma Partnership is a movement of organizations and individuals that aims to develop a strong broad-based partnership of peoples of the Asia-Pacific advocating and mobilizing a movement for promoting freedom, democracy and human rights in Burma. This movement facilitates strategic linkages; coordinates activities; develops and shares its capacity and resources; channels information resources; and promotes dialogue towards unified approaches.

*Contact:*

APPartnership@gmail.com